# မြနှောင်းညို

## ကျွန်မမုန်းသောမမအေး



“ဟဲလို.....ထွေးငယ်လား”

“ဟုတ်ကဲ့အဖေ၊ ထွေးငယ်ပါ”

“သတင်းစာ ရောက်ပြီးလား”

“ဟင့်အင်း.....မရောက်သေးဘူးအဖေ”

“ကြော်ငြာပါလာပြီးသမီး”

“ရှင်...”

“လူပျောက် ကြော်ငြာလေ၊ ဘယ်ဘက် ထိပ်ဆုံးမှာ ပါပဲ၊ ထင်းထင်းရှင်းရှင်းပဲ၊ အေးမ တွေ့မှာ ပါ”

“သြော်....ဟုတ်ကဲ့တွေ့မှာ ပါ၊ ခုလောက်ရှိ တွေ့ချင်တွေ့နေမှာ ”

“နယ်ရောက်နေရင်တော့....”

“ဒါပေါ့အဖေ၊ နယ် ရောက်နေရင်တော့ နက်ဖြန်မှ တွေ့ချင်တွေ့မှာ ပေါ့”

သူ့ရုံးမှ ဝေးလံစွာ မှ တ်ထုတ်လိုက်သော သက်ပြင်းရှည်ကြီးသည် ကြေးနန်းကြိုးတွေ ဖြတ်သန်းပြီး ကျွန်မ နားထဲမှတစ်ဆင့် နှလုံးအိမ်သို့ ထွင်းဖောက်နာကျင်စေပါ၏ ။

“ဧည့်သည်ရောက်လာပြန်ပြီထွေးငယ်”

ဂလောင်ဂလုတ်နှင့် အဖေတယ်လီဖုန်းချသွားတော့သည်။ အပူကိုဖုံးဖိကာ အမေ့ခမျာ လုပ် ငန်းကိုင်ငန်းကိစ္စတွေ ဆွေးနွေးညှိနှိုင်းရပြန်ရှားဦးတော့မည် ။

ကျွန်မသည် အိတ်ဆောင်ဘီကလေးကို ပခုံးသိုင်း အိတ်မှထုတ်ပြီး ဆံပင်တွေ ကို တစ်ချက် နှစ် ချက်ဖြီးသင်လိုက်သည်။

ကျွန်မအပြင်မထွက်မီ အဖေ့ ထံမှ တယ်လီဖုန်း ရလိုက်သော ကြောင့် တစ်ဆိတ် တော် တော့သည်။ အဖေခမျာ သမီးပျောက် ပြဿ နာကို ရင်ဖွင့်စရာအဖော် နည်းပါဘိသနဲ့။

နေ့လယ်နေ့ခင်း အဖွား တစ်ရေး နပ်နေသည့်အတွက် ကျွန်မအထွက်ချောင်နေသည်။ မဟုတ်လျှင် လိုက်လံမေးမြန်းစပ်စုနေဦးတော့မှာ ။

အဘိုးကားဧည့်ခန်း စားပွဲပေါ်တွင် စားပွဲတင်ပန်ကာကို ဖြုတ်ပြီးတစ်စစီ ပြု ပြင်နေသည်။ တော် ရုံ စက်ပစ္စည်းအပြစ်အနာအဆာလောက်တော့ အိမ်မှာ ပင် အဘိုး ဖြေရှင်းလိုက်သည်ချည်းသာ ဖြစ်လေသည်။

ကျွန်မက နှုတ်ခမ်းတွင် လက်ညှိုး ကပ်ထောင်ရင်း အဘိုး၊ ရှေ့မှဖြတ်ကာ အိမ်ရှေ့တံခါး ဆီသို့ထွက်သည်။

"အေးမ ကိစ္စလား"

အဘိုးက နှုတ်ခမ်းလှုပ်ရုံ ဟန်ပြ မေးမြန်းရင်း အနီကြည့်မျက်မှန် အထက်မှ ကျော်လွှား ကြည့်ရှုသည်။

"ဟုတ်တယ်အဘိုး၊ သတင်းရမလားမသိဘူး၊ အဖေအရင်ရောက်နှင့် လဲ ဘာမှမပြောနဲ့ဦး၊ ထွေးငယ် ပြန်လာမှ သိလာတာ ကြည့်ပြောမယ်"

အဘိုးက သွေးအေးသည်။ ပြောဆိုရ တိုင်ပင်ရ အဆင်ပြေသည်။ သို့ တိုင် လွန်ခဲ့သော နာ ရီဝက်က ဝင်လာသော တယ်လီဖုန်းသတင်းကို ကျွန်မ အတိအကျ မပြောပြပါ။

နောက်မှ လိုအပ်သလို အသိပေးတိုင်ပင်ရပါမည် ။

အေးမသတင်း ရမည် ။ အေးမ ဆယ်တန်းနှစ် တုန်းကတည်းက ခင်မင်လာခဲ့သော သူငယ် ချင်းဟောင်း မမနန်လောင်းငင်းထံမှ အဆက်အသွယ်ရသည်။

မမနန်လောင်ငင်း ဘယ်လိုရန်ကုန်ရောက်နေသလဲမသိတာ တစ်ခုပါဘဲ။

ခြံဝင်းတံခါး လူဝင်ပေါက်ကိုဖွင့်ထွက်ပြီး အပြင်မှ လက်လျှို့ ကာ သော

ခလောက်နိပ်ခတ် ခဲ့သည်။ ဓာတ်သိတွေ ကသား သတင်းစာပုံးထဲမှာ သော့တံရှိကြောင်း သိနေနိုင်တာပါ။

ရုတ်တရက် သတိရကာ ဝင်းတံခါးပေါ်သို့ လက်လျှိုပြီး သတင်းစာပုံးကို ဖွင့်စမ်းသည်။ သတင်စာ ရောက်နေပဲ။ နာရီဝက်တစ်ခါလောက် ထွက်မျှော်နေစဉ်က ရောက်မလာပါဘဲနှင့် ခုမှ ဘယ်အချိန်က လာပို့ သွားပါလိမ့်။

ဖေဖေ ပြောသော နေရာသို့ တိုက်ရိုက် လှန်လှောရှာဖွေသည်။ ဟုတ်ပ့ါ။ မြင်မြင်ထင်ထင် နေရာကောင်းကလေး။

အေးမ...

အမြန်ပြန်ခဲ့ပါ။

သို့မဟုတ် အကြောင်းကြားက အဖေလာခေါ်မည် ။

အဖေတို့စိတ်ပူနေသည်။

အဖေက အိမ်းသားတွေ ကို မတိုင်ပင်ဘဲ သွေးရူးသွေးတန်းကြော်ငြာထည့်လိုက်တာပါ။ ခုလို သတင်းရမည့် အတူတူဖြင့် လူမသိလိုက်လျှင် အကောင်းသား။ အေးလေ...သတင်းစာထဲ တောင် ကြေငြာနေပြီဆိုပြီး အလန့်တကြား ဆက်သွယ်ဖော်ထုတ်တော့တာလည်း ဖြစ်ချင် ဖြစ်မှာ ပဲ လေ။

မမနန်းလောင်ငင်းနှင့် တွေ့ခါမှ အကြောင်းစုံသိရတော့မှာ ပါ။ သတင်းစာပြန်ခေါက်ပြီး ပုံး ထဲအသာထည့်ထားလိုက်တော့သည်။ ဘိုးဘိုးတို့ဘာသာသတိရမှ ထရှာ တွေ့ကြပါစေတော့။ ကျွန်မ အကြောင်းကြားနေဖို့ အချိန်မရှိပါ။

ဘာတဲ့....စော်ဘွားကြီးကုန်း။ ငါးဆယ့်တစ် စီးသွားပြီးစော်ဘွားကြီးကုန်းမှတ်တိုင်မှာ ဆင်း။ လမ်းဖြတ်ကူး၊ လမ်းဆုံးမှာ မီးခံကျောက်ပြားစက်ရုံ ဆိုသော ဆိုင်းဘုတ် တွေ့မည် ။ ခရစ်ယာန် သချိုင်း ဘယ်ဘက်လမ်းအတိုင်းဝင်သွား။ လမ်းဆုံးတွေ့လျှင် ညာဘက်ချိုး ။

သွားရမည့် ခရီးစဉ်ကို ပြန်လည်လေ့ကျက်ရင်း....

ကျွန်မသည် သင်္ဂဟလမ်းသွယ်အတိုင်း ခပ်မှန်မှန် လျှောက်လာခဲ့သည်။ ကမ္ဘာအေးလမ်းမရောက်မှ လေးဆယ့်လေးစီး။ မရမ်းကုန်းကျမှ ငါးဆယ့်တစ်ပြောင်းစီး။

အေးမ ဘယ်လိုလုပ်မှန်းကို မသိဘူးဟု တစ်ကိုယ်တည်း ညည်းထွားမိသည်။ မမနန်းလောင်းငင်း ရှမ်းသံဝဲဝဲနှင့် အနီးကပ်ပြောလိုက်သလို ကြားယောင်လာပြန်သည်။

"ဝင်းလင်းထွေးရဲ့ အစ်မ ရှိတဲ့နေရာကို တို့ညွှန်ပြနိုင်ပါတယ်၊ လောလောဆယ်တော့ ဝင်း လင်းထွေး တစ်ယောက် ပဲသိပါစေဦးနော်၊ တို့ဆီလာပြီး တိုင်ပင်ပြီးမှ ဘာဆက်လုပ် မယ်ဆိုတာ ဆုံးဖြတ်ကြရအောင်"

အေးမ၏ ငယ်သူငယ်ချင်း နန်းလောင်းငင်က မန္တလေးတက္ကသိုလ်တက်၊ အိမ်ထောင်ကျ သွားနှင့် သူတို့ချင်း အဆက်အသွယ်မရှိသလောက် ပြတ်လပ်နေကြတာ ကြာပဲကြာလှမှ။ အခု ဘယ်လိုပြန်တွေ့ကြတာလဲဟု ကျွန်မ စဉ်းစားနေမိပြန်သည်။

အေးမ ဘာ ဖြစ်နေသလဲ။

ဟူးခနဲ လေပူမှုတ်ထုတ်ရင်း ကားဂိတ်ဆီသို့ ခပ်သွက်သွက်လှမ်းခဲ့တော့သည်။

"အေးမြလှ ဘာ ဖြစ်နေသလဲဆိုတာ ဝင်းလင်းထွေးကို...."

"ဟုတ်ကဲ့.....ထွေးငယ်ကို"

"အင်း....ထွေးငယ်ကို တို့ အတိုချုံးပြောပြမယ်"

ချိန်းဆိုထားသည့်အတိုင်း အေးမ၏ သူငယ်ချင်းနန်းလောင်ငင်းက ရွှေကိန္နရီလက်ဖက်ရည် ဆိုင်တွင် စောင်နေသည်။

အရင်သုံးနှစ် လောက်က နောက်ဆုံးမြင်ဖူးခဲ့ရသော ကိုယ်လုံးကိုယ်ထည် အချိုးအစားနှင့် လုံးဝကွာခြားလျက် လေထိုးလိုက်သလို ဝဖီးကာမေးနှစ်ဆင့်တက်နေလိုက်သေးသည်။

အရင်လို ကာလာစုံ ခြယ်သဖြီးလိမ်းထားပြီး အရင်လိုပဲမျက်ပေါက်ကျဉ်းကလေး မှေးမှိတ် သွားအောင် ပြုံး ရယ်နှုတ်ဆက်ဟန်တွေ ကြောင့် သာမက ကြိုး တင်သိထား၊ ချိန်းဆိုထားတာမို့သာ နန်းလောင်ငင်းပဲဟု မှန်းဆမှတ်မိလိုက်ပါ၏ ။

အေးမ ရှိသည့်နေရာကို သူမသိသည်ဟု ပထမဆုံးသတင်းပေးသည်။ နေထိုင်ကောင်း တယ်၊ တို့သေချာ စောင့်ရှောက်ထားပါတယ်ဟု စိတ်အေးအောင်ပြောပြ၏ ။

"ယောက်ျားဆုံးသွားပြီးတဲ့နောက် တို့က သွင်းကုန်ထုတ်ကုန် ကုမ္ပဏီတစ်ခု ထောင်ထား တယ် ထွေးငယ်ရဲ့ ၊ အလုပ်နဲ့ပတ်သက်ပြီး ဒီနှစ် ထဲမှာ ရန်ကုန်နဲ့လားရှိုး အိမ်းဦးနဲ့ကြမ်းပြင်ပဲ၊ တစ်ခါမှလဲ အေးမြလှနဲ့ မတွေ့ ဖြစ်ပါဘူး၊ သတိရပါတယ်၊ အချိန်မရတာ ၊ ခုလို အရေး ကြုံး တုန်း ဆိုက်ဆိုက်မြိုက်မြိုက်တိုးတာ ဘုရားကျေးဇူးပါပဲ"

နက်စ်ကော်ဖီတစ်ခွက် ဟန်ပြမှာ ထားပြီး သောက်ဖို့ သတိမရနိုင်ဘဲ အေးမအရေး တော် ပုံမှာ သာ အာရုံတွင် တွယ်ငြိလျက် ရှိနေကြ၏ ။

"အဲဒီ နေ့က တို့က လားရှိုးပြန်ဖို့ လေယာဉ်လက်မှတ် လိုက်နေတာ၊ လေယာဉ်ရုံးရှေ့မှာ အေးမကို ခပ်ငေါင်ငေါင်တွေ့လိုက်တော့ အံ့ဩဝမ်းသာတာပေ့ါ၊ ဟယ်... ထွေးငယ်ရယ်၊အေးမလေ တို့လက်ကို အားကိုးတကြီး ဖျစ်ညှစ်ဆုပ်ကိုင်ပြီးမျက်ရည်ဥကြီးတွေ သီးလာလိုက်တာ တို့ဘယ်လို ရင်ထဲဆို့သွားမှန်း မသိပါဘူး"

နန်းလောင်ငင်းသည် လားရှိုးပြန်ရန် အစီအစဉ်ဖျက်ပစ်ပြီးအေးမကို တစ်ပါတည်းခေါ်ထား လိုက်တော့သည်ဟု ပြောပြသည်။

"ဒီမနက်အထိ ဘာမှမေးမရဘူး၊ သေချင်တယ်၊ သေမယ်ချည်းသာ ပြောနေတော့တာပဲ၊ အိမ်ကိုအကြောင်းကြားပါနဲ့တဲ့၊ တို့လဲ အကြံကျပ်နေတော့တာပေ့ါ၊ အဖေကြီးနဲ့ ထွေးငယ်တို့ ခေါင်း မီးတောက်နေမယ်ဆိုတာ သိနေတယ်၊ သူ့ကိုလဲဘာမသိညာမသိ အလိုမဆန့်ကျင်လိုဘူးလေ၊ ခက်တာက တို့ကသန်ဘက်ခါ လက်မှတ်ရထားပြီး၊ ဟိုကအလုပ်တွေ က ဒီထက်ပိုဆိုင်းထားလို မ ဖြစ်တော့ဘူးလေ"

နန်းလောင်ငင်မှာ နဂိုကတည်းက ပြည့်စုံကုံလုံသူတစ်ဦး ဖြစ်သည်။

ကျောင်းအိပ်ကျောင်းစားလာနေပြီး ဆယ်တန်းကိုအမှတ်ကောင်းကောင်းနှင့် အောင်မြင်အောင် ဖိဖိစီးစီးကြိုး စားသည်။ တက္ကသိုလ်ရောက်ခါမှ ဝုန်းဒိုင်းဆို အိမ်ထောင်ပြု ပစ်လိုက်ပြီး မှ လရည်ရှယ်ရင်း ဆေးပညာကိုစွန့် လွှတ်ကာ သိပ္ပံဘွဲ့တစ်ခု ယူလိုက်တော့သည်၊ ပြီးတော့ ဘွဲ့ရသည်အထိကျောင်းဆက်မတတ်ဘဲ တက္ကသိုလ်ရောက်တယ်ဆိုတဲ့ ဂုဏ်နဲ့ ပဲပြီး သွားပါရောဟု ခပ်ပေါ့ပေါ့ ပြောပြလေသည်။

“အရင်ခြောက်လလောက်တုန်းက သတင်းစားထဲမှာ အေးမ စေစပ်ကြောင်းလမ်းတဲ့သ တင်း တွေ့ ထားတယ်လေ၊ အဲဒီ လူနဲ့ပတ်သက်မိပြီမှ အဲဒီ လူနဲ့ အဆင်မပြေလို့လား၊ ဒါမှမဟုတ် ဘာဘာညာညာ…”

နန်းလောင်ငင်းက သူမဗိုက်တစ်စိုက်ဆီသို့ လက်ညှိုး လေးချာလည်လှည့်ပြသည်။

“အဲ့ဒီလူက နယ်သာလင်မှာ မမရဲ့ ”

“ဒါဆို ဘယ်သူနဲ့ ဖြစ်မလဲ”

“ရှင်…”

နန်းလောင်ငင်းသည် ကျွန်မကို မပြောမပြီး မတီးမမြည် ဇွတ်မိုတ်ကာ ပြောရတော့မည့် ဟန် နှင့် ခါးကလေး ရှေ့ကိုင်း၏ ။ ဝမ်းဗိုက်ရှေ့တွင် လက်ခုံတစ်ဖက် ခုံးပြ၏ ။

“သုံးလရှိပြီတဲ့”

“ဘယ်လို မမ…ဘယ်လို”

“အေးမလေ…..”

နန်းလောင်ငင်းက လက်သုံးချောင်း ထောင်ပြသည်။ ကျွန်မနားလည်လိုက်သည်။ ဒိုင်းခနဲ ဆို ငယ်ထိပ် သွေးတက်ဆောင့်၏ ။ ကျွန်မ လက်မခံနိုင်ပါ၊ ကျွန်မလက်မခံလိုပါ။ အို… မ ဖြစ်နိုင်တာ ဘဲ ။

"ဒီနေ့သတင်းစာထဲက ကြော်ငြာကိုဖတ်ပြီး အေးမ တငိုငိုပေါ့၊ တို့လဲ တစ်နည်းနည်း နဲ့ အိမ် ကိုအသိပေးမှ ဖြစ်တော့မယ်လို့ သူ့ကို ချော့တစ်ခါ ခြောက်တစ်လှည့် လှည့်ပတ်မေးရတော့တယ်၊ ဒီတော့မှ..."

"အေးမက ပြောတာလား"

"ဟုတ်တယ်"

"သူ ဝန်ခံတယ်ပေါ့"

"အဲဒီ ကစ္စကြောင့် သူအိမ်ကထွက်လာတယ်ဆိုတာ တို့လဲဒီနေ့မှပဲ သိရပါလေရော"

ငယ်ထိပ် မြွေခဲသည်ဆိုသော စကားဥပမာအရဆိုလျှင် ကျွန်မငယ်ထိပ်ကို မြွေဟောက်အ ကောင်တစ်ရာ စုပြုံခဲထားကြပြီ ထင်ပါရဲ့။ တဒုတ်ဒုတ်တဒိုင်းဒိုင်းနှင့် ထုပုကာနေတော့သည်။

အေးမ ကိုယ်ဝန်သုံးလ ရှိနေသည်။

ဘုရား... ဘုရား။

အေးမလိုမိန်းကလေးမှာ ကိုယ်ဝန်သုံးလတဲ့။

"ဘယ်သူနဲ့ဆိုတာ မပြောဘူး၊ အိမ်က သဘောမတူနိုင်လို့လားဆိုလဲ မဖြေဘူး၊ ခေါင်း ရှောင်သွားတာလားဆိုလဲ မပြောပြန်ဘူး"

မမနန်းလောင်ငင်း သက်ပြင်းချသည်။

"သူ့ကို လားရှိုးခေါ်သွားမယ်လို့ တို့ ကတိပေးထားတယ်၊ ဒါပေမယ့် ဟင်းရွက်ကန်စွန်းမှ မဟုတ်တာ၊ ထွေးငယ်တိုမသိဘဲ ခေါ်သွားဖို့မှ မ ဖြစ်နိုင်တာဘဲ၊ ဒါကြောင့် သူမသိအောင် ထွေး ငယ်ဆီ လှမ်းအကြောင်းကြားလိုက်ရတာ "

"မမဆီမှာ သူရှိနေတာပေါ့"

"'ဒါပေါ့၊ ငါးရပ်ရှိပြီ၊ လေယာဉ်ရုံးမှာ တွေ့ တာက အင်္ဂါနေ့နေ့ခင်းပိုင်း၊ အဲဒီ ကတည်းက တို့ ခေါ်လာတာ၊ ဒီနေ့သတင်းစာထဲတောင် ပါလာပြီဆိုတော့ မ ဖြစ်တော့ဘူးလေ အကြောင်းကြားရ တော့တာပေါ့"

ထိုနေ့က ကျွန်မ ကျောင်းတတ်နေသည်။ ဖေဖေက ရုံးမှာ ။ ဘိုးဘိုးနှင့် ဘွားဘွားကို အေးမ က ဟန်မပျက် နှုတ်ဆက်ပြီးထွက်သွားခဲ့သည်။ ဆယ်တန်းနှစ် ခါအတူဖြေခဲ့ရဖူးသော သူမ၏ သူငယ် ချင်း မိမိအောင်ထံ လည်ပတ်နေကျ၊

အတူအပြင်ထွက်နေကျမို့ ထွေထွေရာရာမတွေးမိကြ။

တစ်ခါတစ်ရံ ညကိုးနာရီလောက်မှ ပြန်လာတတ်ကာ ထိုအခါမျိုး တွင် အပြန်နောက်ကျမည် ဟု နီးရာ တယ်လီဖုန်းမှတစ်ဆင့် အကြောင်းကြားတတ်ရုံမက မမမိတို့သားအမိက အိမ်အရောက် လိုက်ပို့တတ်ကြသည်။

ဖုန်းမလာသော အခါ အတန်ငယ် စိတ်ထင့်သော် လည်း တယ်လီဖုန်းလိုင်းတွေ က မကြာခ ဏ ခေါ်မရ ဖြစ်တတ်တာမို့ ခပ်ပေါ့ပေါ့ပင်။

ကိုးနာရီကျော်မှပင် မိမိအောင်တို့အိမ်သို့ လိုက်ရတော့သည်။ ထိုမှတစ်ဆင့် ဖြစ်နိုင်ချေရှိသော အိမ်များ အမျိုး အိမ်တွေ မေးမြန်း ။

ထွေးငယ်နဲ့ ကတောက်ကဆ ဖြစ်သေးသလားဟု အဘွားကမေးသလို အဘွားဆူလိုက် သေးသလားဟု ကျွန်မကလည်း ရွဲ့တဲ့တဲ့ မေးခွန်းတင်သည်။

တကယ်တော့ ကျွန်မကသာ အေးမ ကို စိတ်တိုစူဆောင့်တတ်ပြီးအဘွားက အေးမကို ဆူပူရိုးထုံးစံမရှိ ။

အဖေ့ခမျာ နောက်တစ်နေ့ အလုပ်သွားခါနီး ကျမှ ကျွန်မကို စေ့စေ့မကြည့်ဘဲ ခပ်ဆဆ `သမီးအစ်မမှာ ရည်းစားသနာရှိနေသလား´ဟု တီးတိုး မေးခဲ့ရှာသည်။ ထွေးငယ် သိသလောက် မရှိပါဘူး ထင်တာပဲဟု ယောင်ဝါးဝါးအဖြေပေးခဲ့ရ၏ ။

ခုလည်း သူ့ကို ဇွတ်အတင်း စေ့စပ်ကြောင်းလမ်းထားတာလားဟု မမနန်းက

မေးနေပါသည်။

“သူ ကျေနပ်လက်ခံလို့ စေ့စပ်ကြောင်းလမ်းထားတာပါ မမရယ်၊ ဆွေရိပ်မျိုးရိပ်မကင်းတာ ရော၊ မိဘချင်း ရင်းနှီးတာရော ငြင်းစရာမရှိပေမယ့် သူကိုယ်တိုင်သဘောတူလက်ခံထားတာ၊ ဦး တင်ဆွေပြန်လာရင် လက်ထပ်ကြမှာ ။ သူတို့ချင်းလဲစာအဆက်အသွယ် အရှိသားပါပဲ”

မမနန်းလောင်ငင်းကို ပြောပြရင်း
ကျွန်မဘာသာလည်းစိတ်တမ်းထုတ်နေမိရသည်။

ကိုယ်ဝန်တဲ့။

ကြံ့ကြီးစည်ရာ မမအေးရယ်၊ ဘယ်လို...

မမအေး စန်းပွင့်တာမှန်ပါရဲ့ ၊ ချစ်သူကြိုက်သူ ဝိုင်းဝိုင်းလည်တာလည်း မှန်ပါရဲ့
။

သို့ တစေ သည်မျှအထိ ရုပ်ပျက်ဆင်းပျက်အ ဖြစ်မျိုး ကြုံဆုံရလိမ့်မည် ဟု ကျွန်မဘယ်တုန်း ကမှ မတွေ းမထင်ခဲ့မိလေပါ။

ကျွန်မ ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်တော့သည်။

ကော်ဖီပန်းကန်ကိုဆွဲယူကာ ဌွန်းနှင့် နို့ဆီ သမအောင်အသာမွှေ၏ ။

“မမအေးကို လာရှုံးတော့ မထည့်ချင်ဘူးမမ၊ အဖေတို့ကို ရှောင်နေဖို့လိုတာမှန်ပါတယ်၊ ဒါ ပေမယ့် ထွေးငယ်နဲ့အဆက်အသွယ်အပြတ်မခံနိုင်ဘူး၊ မမကို အားမကိုးလို့မဟုတ်ဘူးနော်၊ မမ ဘယ်လိုမှမအောက်မေ့နဲ့၊ မမအေးအတွက် ထွေးငယ်မှာတာဝန်ရှိနေလို့ပါ”

“တို့ အတတ်နိုင်ဆုံး ကူညီချင်တာပါပဲ ထွေးငယ်”

“မမအကူအညီကို အများ ဆုံးရယူရမှာ သေချာပါတယ်၊ မမနဲ့ပဲ တိုင်ပင်ရမှာ ပါ”

“ကောင်းပြီးလေ၊ ထွေးငယ် ဘယ်လိုလုပ်ချင်သလဲ၊ ဘယ်လို ဖြစ်ချင်သလဲ”

မမနန်းသည် ကော်ဖီကို အသာခပ်ပြီး မြည် းစမ်းကြည့်နေသည်။ စိတ်ပါလက်ပါတော့မ ဟုတ်၊ အာရုံက တခြားမှာ ။ အေးမ ပြဿ နာပဲလား၊ နယ်ခြားပို့မည် စူပါဆလွန်းကားတွေ ၊ အက်စ် အီးလီမိတက်တွေ ကိစ္စပဲလား ။

“ပထမဆုံးအနေနဲ့ ကတော့ ထွေးငယ်နဲ့ မမအေး တွေ့ကြရဖို့ပဲ”

“ဒီလမ်းထဲမှာ တင်ရှိတယ်၊ အိမ်မှာ ရှိနေတယ်၊ တို့ယောက် မနဲ့ အရိပ်အကဲစောင့်ကြည့်ခိုင်း ထားတယ်၊ မပြောနိုင်ဘူးလေ၊ တော် ကြာ ထင်မိထင်ရာ တဇွတ်ထိုးလုပ်သွားမှဖြင့် ”

အေးမသည် ဖြစ်လာသည့်ပြဿ နာကို လာမည့် ဘေး ပြေးမတွေ့ဘဲ မိသားစုမျက်ကွယ်သို့ ရှောင်ပြေးပုန်းခိုဖို့သာ ကြံစည်လေသည်။

အေးမ၏ ငယ်သူငယ်ချင်းကြီး စိတ်ပူမိသလို သေကြောင်းကြံစည်မှာ များ တော့ ကျွန်မ လုံးဝ စိတ်မပူပါ။ ဟွန်း...အေးမလား သက်သေဝံ့မှာ ။ အပရိက ထိခိုက်ဒဏ်ရာလေးတောင်မှ သွေးဆုတ် အောင် ကြောက်လန့်နာကျင်တတ်ကာ ကိုယ်ရှိန်ငွေ့ငွေ့နွေးရုံမျှနှင့် သူမကိုယ်သူမ ထားစရာမရှိ အောင် သနားယုယ မဆုံးနိုင်တော့။ အေးမ သေကြောင်းကြံစည်စိတ်ကူးမှာ မှန်ပါရဲ့ ။ ကြံစည်စိတ် ကူးရုံထက် တစ်လက်မ စွန်းကလေးတောင် လက်တွေ့အကောင်အထည်ဖော်မည့် အေးမ မဟုတ်။

လူပျောက်ရှာဖွေတွေ့ရှိပြီမို့ အပူလုံးကြီး ရင်စမှ လျှောခနဲ ကျသွားပြီးသကာလ ဒေါသလုံး ကြီးက နေရာဝင်ယူဆောင့်တက်လာသည်။ တင်းကျပ်ကျပ်ဆို့နင့်နင့်။

“တို့အရင် အိမ်ပြန်သွားပြီး ထွေးငယ် လိုက်လာတဲ့အကြောင်း အေးမကိုပြောပြမယ်၊ ပြီး တော့ ထွေးငယ်ကို လာခေါ်ရင် မကောင်းဘူးလား”

“မထူးပါဘူး မမရယ်၊ ထွေးငယ် တစ်ခါတည်းပဲ လိုက်ခဲ့တော့မယ်”

“သူမသိဘဲ အကြောင်းကြားရကောင်းလားနဲ့ တို့ကိုစိတ်ဆိုးနေမှာ စိုးလို့ပါ”

“အေးမ အဲဒီ လောက် အမှတ်သညာမကြီးပါဘူး၊ ထွေးငယ်ကို မြင်ရင် သူအံ့ဩသွားမယ်၊ ပြီးတော့သူငိုမယ်၊ ဒါပဲ၊ ဒါပေမယ့် သူအားတက်သွားမှာ ပါ၊ သူ့ကိစ္စကို ထွေးငယ်ပိုင်းဝန်းဖြေရှင်းပေး မယ်ဆိုတာ သူသိတယ်”

နန်းလောင်ငင်းသည် ကျွန်မကို မယုံတစ်ဝက်နှင့် ငေးကြည့်နေသည်။ အေးမကအကြီး၊ ကျွန်မကအငယ်။ အေးမ၏ ပြဿ နာအဝဝကို ကျွန်မဖြေရှင်းပေးနိုင်မည်ဟု မမနန်း အယုံခက်နေ တာ မဆန်းလှပါ။

သို့သော် ကျွန်မ အေးမထက် ဆယ့်တစ်လနှင့် သုံးရက်တိတိသာ ငယ်ရွယ်သူ ဖြစ်သည်။

အေးမက အေးစက်စက် ငြိမ်ကုပ်ကုပ်နှင့် မလှုပ်တလှုပ်နိုင်သလောက် ကျွန်မက သွက် သွက်ခါအောင် နေရာတကာပါဝင်စပ်စုသူ။

ဘယ်သိုပ ဖြစ်စေ မိသားစုပြဿ နာ အတော် များများ မှာ ကျွန်မအခန်း တစ်ကဏ္ဍပါဝင်ပတ် သက်ရတာ ချည်းပင်။

“သွားကြမလား မမနန်း”

ပြောပြောဆိုဆို ကျွန်မကပိုက်ဆံအိတ်ဖွင့်သည်။ သည်တော့မှ မမနန်းသည် ပျာပျာသလဲ ပိုက်ဆံရှင်းရင်း နေရာမှထတော့သည်။

“ထွေးငယ်ကိုတွေ့ရင် အေးမအံ့ဩသွားမှာ တော့ သေချာတယ်”

လက်ဖက်ရည်ဆိုင်နံဘေး ကတ္တရာလမ်းထဲ လျှောက်ဝင်လာစဉ် မမနန်းက ရှေ့ဖြစ်ကို ကြိုတင်တွေ းဆနေခဲ့လေ၏ ။

■

ဖြန့်ကိုင်ထားသော သတင်းစာသည် တဖျပ်ဖျပ် လှုပ်ခါလျက်ရှိသည်။ ဆေးမကူဘဲ

နီတွေ း

နေသော နှင်းဆီငုံပမာထူအန်းအန်း နှုတ်ခမ်းနှစ် လွှာသည် မမျှော်လင့်သော မြင်ကွင်းတွင် ကြက် သေသေ ပွင့်ဟလျက်ရှိသည်။

ဖြူနှစ် သော အသားအရေကြောင့် ဖရိုဖရဲပြန့်ကျဲနေသော ဆံပင်တွေ က ပိုပြီးနက်မှော င်နေ သလို တန်းသော မျက်ခုံး၊ ထူစင်းသော မျက်တောင်တွေ ကလည်း ရွှန်းလဲ့သော မျက်သားပြာတွေ ကို ပိုပြီး စိုရွှန်းကြည်လဲ့စေခဲ့၏ ။

ခန်းဆီးကိုအသာဘေးဖယ်ပြီး ကျွန်မ အခန်းထဲဝင်ခဲ့သည်။ သူမရှေ့မောက်သို့ ကျွန်မရော က်ရှိသွားချိန်အထိ မမအေးသည် မှင်ထက်မိ ေးမောနေဆဲ ဖြစ်၏ ။

မမနန်ထံမှ သတင်းရပြီး လိုက်လာသည်ဟု မမအေးမှန်းဆနိုင်နေလောက်ပါပြီ။

သူမလက်ထဲမှ သတင်းစားကို အသာဆွဲယူကာ နေသားတစ်ကျပြန်စီပြီး ခုတင်ဘေးရှိ စာ ကြည့် စားပွဲပေါ်သို့ ကျွန်မတင်ထားလိုက်သည်။

“အလွတ်ရနေရောပေ့၊ ဖတ်မနေပါနဲ့တော့၊ ထားလိုက်တော့”

စားပွဲရှေ့ရှိထိုင်ခုံတွင် ကျွန်မ ဝင်ထိုင်သည်။

အားလပ်သွားသော လက်နှစ် ဖက်နှင့် မျက်နှာကို အုပ်ကာမမအေး ချု းပွဲချငိုတော့သည်။

ကျွန်မသည် နှုတ်ခမ်းအသာကိုက်ကာ မမအေးအား မျက်တောင်မခတ် စိုက်ကြည့်နေမိ သည်။

မမအေး၏ လက်သည်းရှည်တွေ တွင် တင်ထားသော ဆိုးဆေးခရမ်းရောင် မှာ တစ်ဝက် တစ်ပျက် လွင့်ပြယ်နေပါပြီ။

နဖူး ဆံစလေးတွေ အတန်ငယ်ခြောက်သွေ့လျက်ရှိ၏ ။ ငါးရက်အတွင် း မမအေး သိသိသာ သာပိန်ချုံးကျသွားခဲ့သည်။

ပါးစပ်ထဲ ချဉ်သလိုရှိလာသည်နှင့် ပခုံးသိုင်းလွယ်အိတ်ထဲမှ စီးကရက်ဘူးကိုထုတ်ယူသည်။ သူငယ်ချင်းတတွေ အပျော်လုပ်ရင်း အဟုတ်စွဲလာကာ တစ်နေ့တစ်လိပ်စ၊ နှစ် လိပ်စတော့ သောက်လိုက်ရမှ။ အနည်းဆုံး အိမ်သာဝင်လျှင် အနံ့အသက်ကာကွယ်သည့် သဘောဖြင့် စီးက ကရက် လက်ကြားညှပ် ရှိုက်ဖွာချင်သည်။

အစကငါးသုံးလုံး၊ အခုတော့ ကြော်ငြာသဘောကျရာမှလပ်ကီးစထရိုက်သို့ ပြောင်းသည်။ စီးကရက်အရသာကို ထွေးငယ် တကယ်တမ်း စွဲစွဲလမ်းလမ်း မရှိတတ်သေးပါဘူးဟု ကိုကိုလွင်က ပြောတာ ဟုတ်မှာ ပဲထင်ပါရဲ့ ။ ထွေးငယ်က ဖွာတာပဲ။ ရှိုက်မှမရှိုက်ဘဲ။ မရှိုက်တာလဲ ကောင်းပါ တယ်ဟု သူကမှတ်ချက်ချခဲ့လေသည်။

"အဖေ့ကို ငါမပြောခဲ့သေးဘူး၊ နင်နဲ့တွေ့ပြီး တိုင်ပင်ပြီးမှ ဆက်လုပ် မလို့ လို့ ထားတာ"

အေးမထံမှ ရှိုက်သံတစ်ချက်ပွင့်ထွက်လာသေးသော် လည်းတည်တံ့ နိုင်စပြု ပါပြီ။

"မမနန်းဆီက သိထားပြီ မမအေး"

အေးမကအကြည့်ချင်းမဆိုင်ပါ။ လက်ခုံနှင့် မျက်ရည်သုတ်ရင်း ခေါင်းစိုက်ငုံ့လို့ ကာနေ၏ ။

"ဘာလုပ်ကြမလဲဆိုတာ တိုင်ပင်ကြရအောင်"

သည်တော့မှ သမင်မျက်လုံး ညိုမောင်းမောင်းကြီးတွေ နှင့် ကျွန်မကို အားကိုးတကြီး ကြည့် သည်။

"ဦးတင်ဆွေနဲ့ မဟုတ်မှန်းတော့ ငါအချိန်တွက်ကြည့်ပါတယ်၊ ဒီတော့ နင့်လူနဲ့ယူမှာ လား"

အေးမပါးနှစ် ဖက် ရဲခနဲ သွေးဖြာလျက် ခေါင်းသွက်သွက်ခါသည်။

ကျွန်မလည်းဦးနှောက်တွေ သွက်သွက်ခါလေသည်။ အေးမကို

နားမလည်နိုင်သည်နှင့် အ မျှဒေါသလည်း ထွက်မိ၏ ။

“ဘာအမိပ္ပာယ်လည်းဟင်….မယူရအောင်အထုပ် အထည်ကရှိနေပြီမဟုတ်လား မမ အေးရဲ့ ”

မမအေး ခေါင်းခါခါ လည်ခါခါနှင့် အသံထွက်မလားပါ။

“လက်မထပ်ဘဲဒီအခြေနေထိဆိုက်ရတယ်ဆိုတာ လူကြားလို့မှမသင့်တော်တာဘဲ၊ အဖေ တို့ကို ဘယ်လိုအသိပေးရမှာ လဲ”

မမအေး နှုတ်ခမ်းတစ်ချက်ကိုက်ကာ တစ်စုံတရာကို သေချာပိုင်းဖြတ်ဟန်နှင့် မေးဖျားပင့်ပြီးကြည့်သည်။

“လက်ထပ်ပါတယ်”

သူမ၏ အသံမှာ မှု တုန်တုန်ယင်ယင် ဖြစ်နေ၏ ။

ဒါဟဟာထင်မိထင်ရာ ဆင်ကမ်းတောတိုး ကြံစည်ကျူး လွန်ပြီးမှ ထွက်ပေါက်ရှာတတ်သော မမအေး၏ ငယ်မူငယ်သွေး ငယ်ဓလေ့တွေ ပါ။

“ဒါဆိုရင်တော့ ဖြစ်ပြီးသမျှဝန်ချလိုက်ရုံ ရှိတာပေါ့၊ အဖေစိတ်ဆိုးလဲ မတတ်နိူင်တော့ဘူး လေ ဖြစ်ပြီးမှတော့..”

အေးမ လက်ထပ်ပြီးပြီးတဲ့။ ဘယ်သူနှင့် လဲ။ ဘယ်သူဘယ်ဝါဆိုတာ အသာခေါက်ထားပြီး လောလောဆယ် ခေါင်းခဲရပြန်တာက ဦးတင်ဆွေကို ဘယ်လို အသိပေးကြမလဲ ဆိုတာပါ။

အတွေ းမှ အဆုံးမသတ်ခင်….

“ဟင့်အင်း ထွေးငယ်၊ အမေသိလို့မ ဖြစ်ဘူး၊ အဖေ့ကိုငါ မပြောရဲဘူး၊ မပြောရက်ဘူး”

“ငါပြောမှာ ပေါ့ဟယ်”

“ဟင့်အင်းအဖေမသိစေချင်ဘူး”

ကျွန်မခေါင်းမှ ႏေဝေလာသည်။

“ဦးတင်ဆွေနဲ့စေ့စပ် ကြောင်းလမ်းထားပြီးခါမှ တခြား တစ်ယောက်နဲ့လက်ထပ်တယ် ကိုယ် ဝန်တောင်ရှိနေပြီ၊ ဒါကိုအဖေမသိလို့ ဖြစ်မတဲ့လား”

အေးမခေါင်းခါ ငြင်းဆန်နေဆဲ ဖြစ်လေသည်။

“လက်ထပ်တာ ဘယ်သူမှမ မသိတာ၊ သူ
နားပူတာနဲ့ငါလက်မှတ်ထိုးလိုက်မိတာပါ”

“အံ့ဖွယ်သုတပါပဲ အေးမရယ်”

“စာချုပ်တွေ ကို ငါဆုတ်ပစ်လိုက်တယ်၊ ငါတို့စကားများ ကြပြီး စိတ်ဆိုးဆိုးနဲ့..”

“လုပ်လိုက်....ကောင်းတယ်၊ ထင်ရာသာလုပ်”

“နင်မသိပါဘူး၊ သူဟာ ယူထိုက်တဲ့ လူစားမျိုး လုံးဝမဟုတ်ဘူး”

“ဩော်”

“ငါမှား ႏသွားတယ်ထွေးငယ်ရယ်”

ကျွန်မနားကလောလုတော့သည်။

အေးမ အတွေ ႏအခေါ်တိမ်သည်ဟု ကျွန်မ အထင်အမြင်သေးသိမ်နေကျ ဖြစ်ပါသည်။ သူမ၏ ရည်မှန်းချက်တွေ သူမဖက်ရှုသော ဝတ္ထုစာအုပ်တွေ အားလုံးပင် အပေါ်ယံလျှင်လျှင်ပေါ့ဆ အနှစ် မဲ့ မြဲ ဖြစ်ပါ၏ ။

သို့ တစေ လူအထင်ကြီး တန်ဖိုးထားမှု ကို အေးမ မက်မောလှတာမို့ ယခုကဲ့သို့ အရုပ်ဆိုး အကျည်းတန်သော အ ဖြစ်မျိုး သို့ အေးမ မိုက်မိုက်ကန်းကန်း တိုးဝင်သည့်အထိ ဆုံကြုံရဖို့ ကျွန်မ မမျှော်လင့်ခဲ့ပါ။

လက်ထပ်ခြင်းမည် သည် စာချုပ်ရှိမှ ခိုင်မာသည်မဟုတ်ဟု ကျွန်မကိုကျွန်မ နှစ်

သိမ်လိုက်ပါသည်။

အေးမ စိတ်ငြိမ်သက်သာသွားမှပဲ သူ့လူနှင့် ဆက်သွယ်နိုင်အောင် ကျွန်မ မေးမြန်း လမ်းစ ရှာဖွေတော့မည် ။

လောလောဆယ် ဖုံးမနိုင် ဖိမရ ဖြစ်လာမည့် အရေး တော် ပုံကို ဦးစားပေး ဖြေရှင်းကြရလိမ့် မည် ။

"ဒီကိစ္စကရှိသေးတယ်၊ နင့်လူမသိဘူးလား"

အေးမ ခေါင်းခါရင်း မျက်ရည်ဖြိုင်ဖြိုင်ကျလာသည်။

"ငါမလိုချင်ဘူး"

ကဲ....ထုရိုက်ပစ်ချင်စိတ်ပေါက်လာတာ ကျွန်မအလွန်လား။

"မလိုချင်ရအောင် ဖျက်ချလို့ ဖြစ်မယ်ထင်လို့လား ဟင်"

ပြောပါရောလား။ သူမကို ထိခိုက်နာကျင်စေမည့် အမူ ကိစ္စမှန်သမျှ မမအေး ကြပ်ကြပ် ရှောင်နေကြ။

ခုလည်းကြည့်လေ။ ပြောရုံရှိသေး ကိုယ်ကလေး နောက်တွန့်လျက် ချက်ချင်း မျက်နှာသွေး ဆုတ်သွားသည်။ နှင်းဆီဖူးနှုတ်ခမ်းကလေးပင်လျှင် ဖွေးခနဲ ဖြူရော်သွားသည်။

"ထွေးငယ်ရယ် ငါကြောက်တယ်"

ပြောရင်းအသံတိမ်ဝင်သွားလျက် ရင်ဗိုလှိုက်တက်ကာ တစ်ရှိုက်မက်မက် ငိုကြွေးဦးတော့ မည် တာစူနေသည်။

ကျွန်မ လက်နှစ် ဖက်ဖြန့်ကားပြီး ကျော်ဟိန်းအက်တင်ဖမ်းကာ မမအေးမငို ဖြစ်အောင် တား မြစ်လိုက်ရပါ၏ ။

ကြည့်ပါဦး။ အသက်တစ်ချောင်း မဖျက်ဆီးကောင်းတာတို့၊ မိခင်မေတ္တာတို့ပ အသာဘေး ဖယ်ထားဆဲမှာ ပင်လျှင် ကျွန်မ၏ နှုတ်ထွက်မေးခွန်းက ကျွန်မကို မှဆိုးတစ်ပိုင်း

မိန်းမရှိင်းကြီးအ ဖြစ် သို့ တွန်းပို့ လိုက်ပါလေရော။ အင်း…ဒုက္ခ။

“ဒါပေါ့…မွေးရမှာ ပေါ့၊ ဘယ်လိုမွေးကြမလဲ”

ဟော…

ဘယ်လိုမွေးကြမလဲတဲ့။ ကျွန်မ မေးမြန်းလိုက်မိပြန်ပါပြီ။

ကျွန်မစကားလုံးတွေ ကိုက သည့်ကိုယ်ဝန် မွေးဖွားရေး တွင် ကျွန်မကိုယ်တိုင် မွေးမထုတ်ရုံ တစ်မည် ပါဝင်ပတ်သက်တော့မည် ဖြစ်ကြောင်း ရည်ညွှန်း ဖော်ပြမနေပေဘူးလား ။

“လားရှိုးကို နန်းနဲ့လိုက်သွားပြီး…”

“နိုး မမအေး။ အဲဒါမ ဖြစ်နိုင်ဘူး၊ မမနန်းကို စိတ်ချပါတယ်၊ ဒါပေမယ့် နင့်ကိုငါနဲ့အဝေးကြီး မှာ ပစ်မထားနိုင်ဘူး၊ ငါနဲ့ မျက်ချည်မပြတ် နင်ရှိနေမှ ဖြစ်မယ်”

“ငါ ဘယ်မှာ နေရမလဲ၊ လူမြင်ကွင်းကို ငါမထွက်ဝံ့ဘူး”

“အေးပါ… သိပါတယ်”

ငါကလည်း နင့်ကို လူမြင်ကွင်းအထွက်ခိုင်းလောက်အောင်အရှက်မနည်းသေးပါဘူးဟု နှုတ်သီးကောင်းလျှာပါး စကားနိုင်လုနေရမည့် အချိန်မဟုတ်။

အရေး ကြီးဆုံးကတ္တာ ဖြစ်သော ကိုယ်ဝန်ပြဿ နာကို အေးအေး ဆေးဆေး သိမ်မွေ့စွာ ဖြတ် သန်း လွန်မြောက်လာခဲ့ကြပြီး၊

အေးမ နေရေး ထိုင်ရေး ။

“ဒီအိမ်မှာ နေမယ်ဆိုရင်တော့ အနီးအနားမှာ မျက်နှာသိမရှိဘူး၊ ငါလဲ ဘယ်မှ သွားမှာ မှမ ဟုတ်တာ”

ကျွန်မက တံခါးပေါက်ဘက်သို့ တစ်ချက် လှမ်းကြည့်အကဲခတ်ပြီးမှ

လေသံကိုနှိမ့်လျက်...

"မမနန်းရဲ့ ယောက် မကို ဘယ်လိုသဘောရသလဲ၊ စိတ်ချရပါ့မလား၊ ငါ ခဏာပန်းအမြင်မှာ တော့ အေးပုံပဲ"

ခုနက သည့်အိမ်အရောက်မှာ တံခါးလာဖွင့်ပေးစဉ် ခဏာမြင်တွေ့လိုက်ရသော မမနန်း၏ ယောက် မမှာ လည်း ရှမ်းတရုတ်စပ်ပင် ဖြစ်ဟန်တူသည်။ အသက် ဆယ်နှစ်လောက်ပိုငယ်သော တစ်ဦးတည်းသော မောင်ကို တုန်နေအောင် ချစ်သည်နှင့် အမျှ မောင်၏ မိန်းမနှင့် လည်း တည့်အောင် ပေါင်းတတ်သည်ဆို၏ ။

"သိပ်အေးတယ်၊ ဘာမှ စပ်စုမေးမြန်း မနေပါဘူး၊ ပါးလဲ ပါးတယ်၊ မမေးပေမယ့် ရိပ်မိနေပုံ ပဲ"

"အေးလေ... အတူနေလို့ ဖြစ်ရင် ပြီးတာပါပဲ၊ ဒါဆို မမနန်းနဲ့ မျက်နှာစုံညီ တိုင်ပင်ရမှာ ပေါ့"

မမနန်းက ဖရုံစေ့လှော်ပန်းကန်ကလေးကိုင်ပြီး ဝင်လာသည်နှင့် အဆင်သင့်သွားသည်။

မမအေးကိုသည့်အိမ်မှာ ထားဖို့ မမနန်းက လိုလိုလားလား သဘောတူလေသည်။

"ယောက် မကြီးတောင် အဖော်ရသေးတယ်၊ မဟုတ်ရင် ခြံကျယ်ကြီးထဲမှာ သူ တစ်ယောက် တည်း၊ တို့က ကူးချည်သန်းချည်ရယ်၊ အဖော်ရှိပါစေတော့ဆိုပြီး ကောင်မလေးတွေ ခေါ်ထားပေ မယ့် မမြဲပါဘူး"

"မလွှဲမသွေ စီစဉ်ထားရဦးမှာ က ကိုယ်ဝန်ပြဖို့ဆရာဝန်"

"ငါးလလောက်မှ ပြရမှာ ၊ အခု မလိုသေးပါဘူး၊ ဝေးဝေးလံလံလဲ မသွားကြနဲ့ဦး၊ အင်းစိန် က အိုဂျီဆီပဲ ပြကြတာပေါ့၊ အဲဒါလဲ အခက်အခဲမရှိရင်မရှိသလို တတ်နိုင်သလောက် ဆေးခန်းမသွား ဘဲ နေလိုက်နိုင်တာပဲ"

မမနန်းက အင်းစိန်အထာကို အတော် ကလေး အကျွမ်းဝင်နေပြီ ဖြစ်သည်။

“ဒီလမ်းထဲမှာ ဆရာဝန်ရှိတယ်၊ တော် ရုံ အပရိ ကတော့ သူနဲ့ပဲ ပြလိုက်ကြမယ်လေ”

ဒါဆို အေးမ မွေးဖွားရေး ကိစ္စ အကြမ်းဖျင်း ပုံစံချပြီးသွားပြီပေါ့ ။ အရေး ကြီးအစိတ်အပိုင်း ကျန်နေသေးသည်။

အဖေ့ကို ဘယ်လိုပြောကြမလဲ။

အဘိုးအဘွားကို ဘယ်လိုအသိပေးကြမလဲ။

စာတိုပေစ နှံ့နှံ့စပ်စပ်ဖတ်ပြီး လိုရာရောက်အောင် လူးလွန့်လိမ်တွန့်သွားဖို့ ဝန်မလေးသော ကျွန်မအတွက် လံကြုတ်ဇာတ်လမ်းတစ်ခု ဆင်ဖို့အချိန် ရောက်လာသည်။

“အဖေက သေချာဖွင့်မပြောပေမယ့် နင် လင်နောက်လိုက်ပြေးတယ် ထင်နေတယ်၊ အဲဒီ အထုံးကို ဖြေရဦးမှာ ”

ကျွန်မက စုံထောက်ကြီးဦးစံရှားပမာ ဂိုက်ထုတ်ကာ ဆေးတံအစား စီးကရက်ကြပ်ကြပ်ဖွာ ထုတ်ရင်း အကြံယူသည်။

“ထွေးငယ်ကို စာရေး စက္ကူလေး တစ်ဆိတ်”

“ရမယ် ထွေးငယ်၊ စာအိတ်၊ တံဆိပ်ခေါင်း အားလုံးရှိတယ်။ ကော်လဲရမယ်”

“တံဆိပ်ခေါင်းတော့ မလိုပါဘူး မမနန်း”

အကြောင်းမကြားဘဲ ပျောက်နေတဲ့လူဆီက ပို့မည့် သတင်းဟာ စာတိုက်မှတစ်ဆင့် ရောက် လာရန် မ ဖြစ်နိုင်ပါ။ လူကြုံနဲ့ပါးတဲ့စာတွေ ပဲ ဖြစ်ရတော့မည် ။

ကျွန်မက မမနန်းပေးသော စာရေး စက္ကူစာထုပ်မှ စာရွက် အရင်ဆုတ်ယူကာ လက်ရေး သော့ဖြင့် ခပ်သွက်သွက်ရေး ချသည်။

“ရော့…မမအေး ။ ဒါက ပထမစာ”

မမအေးသည် ကျွန်မစာစီထားသည်ကို တစ်ခေါက်ဖတ်ပြီးနောက် အတွန့်အဆုတ်မရှိဘဲ စာရွက်လွတ်တွင် သေချာ ကူးရေး သည်။

"နောက်တစ်စောင်ကူးဦး မမအေး၊ ဒုတိယစာပေါ့၊ ဒီနေ့မှ လားရှိုးကနေရောက်တဲ့စာ"

မမနန်းသည် မမအေး ကူးရေး ပြီးသော စာရွက်တွေ ကို တစ်စောင်ပြီးတစ်စောင် ဖတ်ရှုလေ့လာနေသည် ။

"သဘောပေါက်သလိုပဲ၊ ထွေးငယ် စိတ်ကူးကောင်းတယ်"

ကျွန်မ ရက်စနိုးပြုံး ရင်း အေးမဘက်သို့ မျက်လုံးဝေ့ကြည့်မိသည်။

စာအိတ်တွေ ပေါ်မှာ အဖေ့နာမည် နှင့် လိပ်စာရေး သားနေသော အေးမသည် မျက်ရည်စမ်း စမ်းနှင့် ပင် ကျွန်မကို ဖျက်ခနဲကြည့်လေသည်။ ကလေးဘဝကတည်းက လွန်ကျူး သမျှ အပြစ်တွေ အတွက် ကျွန်မ ဆင်ခြေဇာတ်လမ်း ထွင်နေကျပဲဥစ္စာဟု မမအေး ပြောချင်ဟန်ရှိသည်။

အဲသည်လိုဆင်ခြေဆင်လတ်များ မြောင်တာဟာလည်း မမအေးနှင့် မတူ ကွာဟသော ကျွန် မ၏ အလေ့အကျင့်ပဲ မဟုတ်လား။

စားအိတ်နှစ် အိတ်စလုံး ကော်ကပ်ပိတ်ပြီးခါမှ ထိပ်ဖျားတွေ ကို ကျွန်မ ဗျင်းခနဲ ဗျိုခနဲ ဆွဲ ဆုတ်လိုက်သော အခါ မမအေးရော မမနန်းပါ ဇဝေဇဝါ ဖြစ်သွားကြရပြန်လေ၏ ။

■

"အဖေ့နာမည် တပ်ထားပေမယ့် ထွေးငယ် ဖောက်ဖတ်ထားလိုက်တယ်၊ ဒါက ပထမ စာ"

အဘိုးနှင့် အဘွားလည်း ဧည့်ခန်းမှာ စုဝေးရောက်ရှိနေကြပါသည်။ ကျွန်မတို့

ခေါ်ယူကျွေးမွေး ကျောင်းထားပေးထားသော အိုက်ရွှေသည် အဖေ့လက်ဆွဲအိတ်နှင့် တိုက်ပုံကိုကိုင်ထားပြီး အိပ်ခန်း ထဲသွားမထားသေးဘဲ စပ်စုရပ်ကြည့်နေ၏ ။

"အိုက်ရွှေ...အဲဒါတွေ သွားထားချေ ပြီးတော့ဖရစ်ဂျီထဲမှာ ငါသံပရာရည်ဖျော်ထားတယ်၊ အဖေ အမောပြေသောက်ရအောင် ယူခဲ့ချေဦး"

လေးတန်း ကျောင်းသားလည်း ဖြစ်၊ မြန်မာလိုလည်းအတော် အသင့် ရေလည်နေပြီ ဖြစ်သော အိုက် ရွှေရှေ့တွင် စကားပြော ဆင်ခြင်ကြရသည်။ ဘာမသိညာမသိ အရပ်ထဲစကားဖောင်းပွမှာ စိုးရိမ်နေရလေ၏ ။

"မမနန်းခများ မုဆိုးမ ပူပူနွေးနွေးကလေး အဖေရဲ့ ၊ ယောက်ျားဆုံးပြီးစ၊ တစ်နေ့ကမှ ဆွမ်း ကျွေးတဲ့"

အဖေသည် လက်ကိုင်ပါဝါနှင့် နဖူးဆံစမှ ချွေးစများ ကိုသုတ်နေသည်။ ရာသီဥတုက ပူအိုက် လွန်းလှသည်မဟုတ်။ အဖေစိတ်အိုက်လှုပ်ရှားနေတာပါ။

ဆွမ်းကျွေးက ရက်လည်မဟုတ်ဘဲ တစ်နှစ် ပတ်လည်ဆိုတာကို ကျွန်မ ရောချလိုက်သည် ကို အဖေ မရိပ်မိလိုက်ပါ ကျွန်မပေးသော ပထမစားကို အဖေပြန်ဖတ်၏ ။

မမနန်းမှာ လေယာဉ်လက်မှတ်တွေ ဝယ်ပြီးခါမှ လားရှိုးအတူပြန်မည့် အဖော် မလိုက်နိုင် တော့သဖြင့် အခက်ကြုံနေရသည်။ မမနန်း တစ်ယောက် ဘယ်လိုမှ အလုပ်မ ဖြစ်။ အေးမြလှ ကူညီ ပါ။ ဒါက ကျွန်မ ဖန်တီးလုပ်ကြံထားသော ဇာတ်ကွက်အကျဉ်း။

"မမနန်းအ ဖြစ်က အသည်းအသန်အဖေရဲ့ ၊ စာရေး ပြီးပေးခဲ့ပါ၊ တစ်ရက်ခြား ဖလိုက်နဲ့ပြန် လိုက်လာရင် ဖြစ်ပါတယ် ဘာညာပြောမှာ ပေါ့၊ အဖေ့သမီးလဲ အားနာပြီး စာတစ်ကြောင်းနှစ် ကြောင်းခြစ်ပြီး လေယာဉ်ပျံနဲ့ ပါ သွားပါရော"

"ဒီစာကိုလူကြုံက ဘာလို့လာမပေးတာလဲ"

"မေ့လို့တဲ့အဖေရေ၊ အေးမတို့လဲသွား၊ သူလဲ လုံးလုံးမေ့သွားရောတဲ့"

ကျွန်မကဒုတိယစာအိတ်ထဲမှစာကို ဟန်ပါပါထုတ်ပြီးအဖေ့ လက်ထဲထည့်သည်။

အိုက်ရွှေ သည်စားပွဲပေါ် သံပရာရည်ခွက် တင်ထားပြီး ကျွန်မနောက်ပါးဝယ် ရပ်သည်။

“အဲဒီ လူကြုံက အသုံးမကျပါဘူး”

အိုက်ရွှေ၏ ဝေဖန်သံကြောင့် အဖေ ပြုံး ရယ်သည်။ အဘွားကမူ...

“ဟယ်...ရာရာစစ၊ သွားစမ်း၊ ကလေး ကလေးနေရာနေ”

ဟုမာန်မဲလေ၏ ။

“အေးမ အပေါင်းအသင်းတွေ ဆိုတော့ အေးမလိုပဲမထုံတက်သေး တုံးကျိဘာဝေနနေမှာ ပေါ့”

အဖေ့ မှတ်ချက်အဆုံးတွင် ကျွန်မ ရော ယောင်ပြုံး ရင်းသက်ပြင်းချလိုက်မိပါသည်။

အင်ဆင်ထားသော အကွက်ထဲသို့ အဖေ တလိမ့်တလိမ့်ဝင်သွားလေတော့ပြီ။

“အေမ သူငယ်ချင်းလုပ်လိုက်မှတော့ဖြင့် ငါတို့ ကံကောင်းလို့ အသက်ပါမကုန်တယ်”ဟု အဘိုးကဆို၏ ။

အဘိုးအဘွား ကတော့လား စောစောက ကျွန်မ ပြန်ရောက်ပြီး တစ်ချိ ဇာတ်စုံခင်းပြသည် ကို စိတ်အေးချမ်းသာလက်ခံထားပြီးနေပါပြီး။ သူတို့ကိုလည်း ပြောပြရင်း အဖေ့နားမပေါက်မီ အစမ်းလေ့ကျင့်သည့်သဘောလည်း ပါပါ၏ ။

ဒါမှလည်း ခုလို ရှောရှောရှူရှူချိတ်ဆက်မိမိ သရုပ်ပီပြင်နိူင်မည် လေ။

ဒုတိယစာအရ....

“နန်းလောင်ငင်းက ဇွတ်တောင်းပန်နေလို့ ပြန်မလားနိူင်သေးဘူးဆိုပါလား သူ့ကုမ္ပဏီမှာ စာရင်းကိုင်ရော ဘဏ္ဍာထိန်းပါ တွဲ လုပ်ခိုင်းနေတယ်တဲ့၊ အဲဒီ ရှမ်းမ ကတော့ကွာ”

နန်းလောင်ငင်း ဘော်ဒါဆောင်နေစဉ်က ကျောင်းပိတ်ရက်ဆို ကျွန်မတို့အိမ်သို့

ပြန်သည်။ ရိုးစင်းပွင့်လင်းသော မမနန်းကို ကျွန်မတို့မိသားစုက ခင်မင်ကြသည်။

ကျွန်မတို့မိခင် နာမကျန်းစဉ်ကလည်း ဆေးရုံဆေးခန်းကူးချည်သန်းချည် အတူပါဝင်ပြုစု စောင့်ရှောက်ခဲ့တာမို့ မမနန်းအပေါ် မိသားစုက ခင်မင်အားထားကြလေသည်။

"ကောင်းပါလေကွယ်၊ ငါ့သမီးကြီးလဲ စိုင်ကော်လို့ ချုပေါ်ရောက်ပြီး နေချင်းညချင်း ထောင် ကျော်စားကြီး ဖြစ် သွားပါရောလား"

မမအေး လင်နောက်လိုက်သည် မဟုတ်ကြောင်း စိတ်တုံးတုံးချ ယုံကြည်သွားပြီမို့ အဖေ့ အသံ ပေါ့ပါးသွက်လက်နေရှာသည်။ လင်နောက်လိုက်တာထက် ပိုမိုဆိုးရွားသော အ ဖြစ်ကို ကျွန်မ အချိန်ဆွဲ ဖုံးဖိထားရဦးတော့မှာ မို့ သူ့ခမျာဘာမှ မသိနိုင်ရှာဘူးနော်။

"ထွေးငယ်တို့များ ဘွဲ့ရဖို့ အသေအလဲ ကျူး တုန်းရှိသေးတာ"

အဖေ တဟားဟား ရယ်မောနေသည်။

ဖေ့မျက်နာရိပ်မျက်နာကဲကို ကျွန်မ ခိုးကြောင့် ခိုးဝှက်ကြည့်မိ၏ ။ မမအေးသာပိန်ချုံးသွား တာမဟုတ်၊ သည်ရက်တွေ အတွင် း အဖေလည်း ပါးချောင်နာချောင် ကျသွားခဲ့ရှာသည်။

တစ်နေ့ကများ ဆို အင်း...မလေးနွယ်ကို ခါတိုင်းထက် ပိုသတိရတယ်ကွာဟု အားကိုးရမဲ့ တမ်းတရှာသေး၏ ။

"အနည်းဆုံးတစ်နစ် တော့ လုပ်ပေးပါ ပြောနေသတဲ့"

ခုတော့ သူ့မျက်နှာတွင် တင်းမာနေခဲ့သော အကြောင်အခြင်တွေ ပြေလျော့ သွားပါပြီ။

သားသမီးယုံ၍ စုံလုံးကန်နေရှာပါပြီး။ သူ့လုပ်ငန်းခွင်မှာ အလုပ်အမှု ဆောင် အင်ဂျင်နီယာ ကြီးရယ်လို့ ဘယ်လိုပဲစီမံအုပ်ချုပ်မှု ကျွမ်းကျင်လိမ္မာပါစေ သူ့သမီး

ဝင်လင်းထွေးက လက်ညှိုး က လေးနှင့် လှည့်လိုက်လျှင် သူတရစပ်လည်ရရှာတာပါပဲ။

အဖေ့ကို သနားအားနာသည်။ အေးမကို စိတ်တိုသည်။
နောက်ဆုံးတော့လျှာအရိုးမရှိတိုင်း ပိပိရိရိ လိမ်လည်လှည့်ဖြားနေသော ကျွန်မ၏
ပါးစပ်ကိုသာ ကျွန်မ ရွံရွံရှာရှာလွဲရိုက်ပစ်ချင်မိပါ တော့၏ ။

"တစ်လလောက်နေရင်တော့ မိုးတွင် းအလုပ်လဲပါသွားမှာ မို့
သမီးခဏပြန်လာပါ့မယ်တဲ့၊ အမယ်လေး....တစ်လကြီးတောင်လား"

အဖေက စာရွက်ကိုပြန်ခေါက်ပြီး ကျွန်မလက်သို့ ပေး၏ ။

"အလုပ်လုပ်ပေးဖို့ ကတော့ ခြောက်လဆို တော် ပါပြီကွာ၊အေးမပြန်လာမှ
ပြောရမှာ ပဲ"

ကျွန်မဖျော်ထားသော သံပရာရည်ကို အဖေက တစ်ကျိုက်သောက်တဲ့ပြီးကာ
မျက်နှာ အတန်ငယ်ရှုံ့ သွားပြီးမှ ချက်ချင်း အမူအရာပြင်လေသည်။

အရာသာမပြေပြစ်သော သံပရာရည်ကို သောက်သုံးနေရသည့်
ထိုတစ်ခဏတာမှာ သူ့သ မီးကြီးကို သူသတိတရတမ်းတနေမှာ ပဲဟု ကျွန်မသိသည်။

မမအေးနေရာကို မရနိုင်မှန်း သိပါရဲ့ ၊ ပြိုင်လည်း ပြိုင်မနေချင်ပါ။ အဖေမှ
စိတ်သက်သာ ပြေပျောက်စေတော့ ဆိုသော စေတနာတစ်ခုကြောင့် သာပဲ ။

"ခုတင်ပေါ်မှာ အဖေလဲဖို့ ပုဆိုးဟောင်းနဲ့ စွပ်ကျယ်ထုတ်ထားပေးတယ်နော်"

"ကောင်းပါပြီ သမီးရယ်၊ ငါ့သမီး အလုပ်ပိုနေတော့မယ်"

"ရပါတယ်"

အဖေ့ခများ အသက်ငါးဆယ်ကျော် အရွယ်ကောင်းတုန်းရှိရှာသေးတယ်။
အနက်ရောင် ဆံ ပင်တွင် အဖြူသဲ့သဲ့နှောသည့်တိုင် ဇရာချဉ်းခဲ့ပြီဟု သတိမမူလောက်သေး ။

သူ၏ တောင့်တင်းဖျက်လတ်ဆဲ ကိုယ်လုံးကိုယ်ထည်၊ ပျော့်ရွှင်ရယ်မောတသော

သော နေ တတ်သော စရိုက်တို့ကြောင့် လည်း သူ့ဘာဝသည် သိသိသာသာ ခြောက်သယောင်းမနေပေ။

အမေဒေါ်လေးနွယ် ဆုံးပါးခဲ့သည်မှာ သုံးနှစ် နီးပါး ရှိခဲ့ပြီ။ မကြာမတင်မှာ ပင် အဖေ နောက် အိမ်ထောင်သစ် ထူထောင်လိမ့်မည် ဟု အမေ့မိဘ အဘိုးနှင့် အဘွားက ပူပန်ခဲ့ကြသည်။

“စကား ရေမြေဆုံးမပြောပါဘူး မေမေရာ၊ ဒါပေမယ့် ကျွန်တော် တစ်ယောက် တည်းမှ မဟုတ်ဘဲ၊ အဖေအမေတွေ နဲ့ သမီးတွေ နဲ့ အထိုက်လျောက် ပြည့်စုံနေပါတယ်။ မိသားစုနဲ့ ကျွန် တော် ပျော်အောင်နေတတ်ပါတယ်”ဟု

အဖေက သူ့ယောက္ခမတွေ ကို နှစ် သိမ့်ခဲ့လေသည်။ ထူးထူးခြားခြားစုပေါင်းနေထိုင်ရာမှာ တော့ အမေမရှိတော့စေကာမူ အဖေလသည် အမေ့မိဘနှစ် ပါးနှင့် ဥမကွဲသိုက်မပျက်အတူတကွ နေထိုင်သည်။

အဖေ့ဖခင်ဦးကျော်မောင် မုဆိုးဖိုကြီးက အဖေ့နှမငယ်အန်တီဒေါ်မဥ္ဇူတို့ မိသားစုနှင့် အတူ နေထိုင်သည်။

ညနေပိုင်းကျလျှင် မြေးမျောက်လောင်းနှစ် ကောင်ကို ထိန်းကျောင်းရင်း လမ်းလျှောက်လာ ကာ ဘိုးအေကြီး ဦးကျော်မောင်က သားတော် မောင်ကို အဖော်ပြု တတ်လေသည်။

“ကျွန်တော် ရေချိုး ပြီး အဖေတို့အိမ်းကို သတင်းပေးဖို့သွားလိုက်ဦးမယ်”

အဖေက သူ့ယောက္ခမကြီးကို လှမ်းပြောရင်း အိမ်ထဲဝင်သွားတော့သည်။ အဘွားလည်း မျက်မှန်အသာမ ကာမျက်လုံးပွတ်သလိုနှင့် မျက်ရည်စသိမ်းနေ၏ ။

အေးမ မရှိသော ကြောင့် အဘွားမျက်စိ လစ်ဟာရာပေမည် ။ ဇက်ကြောဆွဲပေး၊ နံ့သာဖြူသွေးပေးနှင့် အေးမကအဘွားအနီး ကပ်ချွဲနေကျ။

ကျွန်မလည်း အိပ်ခန်းထဲဝင်ခဲ့သည်။ အဘိုးနှင့် အဘွားစောစောစီးစီး

ထမင်းစားလေ့ရှိကြ သည်။ ပြီးလျှင် သတင်းကြည့် ကိုးနာရီထိုးလျှင် အဘွားက သတင်းပြီးပြီး မပြီးပြီးအိပ်ရာဝင်။

ကျွန်မ ကတော့ အဖေပြန်အလာကိုစောင့်ပြီး အတူထမင်းစားကြမည် ။ ခါတိုင်း အေးမစောင့် နေကျပေမယ့် အေးမ မရှိချိန်မှာ အဖေ့အတွက် ကျွန်မ အဖော်လုပ်ရလိမ့်မည် ။

ပိုင်ရှင်ပစ်ခွာထားခဲ့သော အေးမ၏ အိပ်ရာသည် အိပ်ရာဖုံးသပ်သပ်ရပ်ရပ်ဖုံးလျက် အေးမ ထားခဲ့သည့်အတိုင်း ပုံစံတကျကျန်ရစ်သည် သူမအိပ်ရာကို ကြည့်နေမြင်နေရသူတိုင်း သူမကိုသတိရလျက် အသက်ရှူမဝခဲ့တာ ငါးရက်တိုင်ပါပြီ။

လူပျောက်ပြန်တွေ့သော် လည်း ပြဿ နာပါလာခဲ့သည်။

သုံးလတဲ့။

အဖေက သူ့သမီးကို အဝေးမှာ ခြောက်လပဲထားနိုင်မည် ဆိုနေသည်။ နောက်ခြောက်လမှာ အေးမ မွေးမွေးပါဦးမလား။ အို...နောင်ခါလာ နောင်ခါစေ့။ လောလောဆယ်မိသားစု စိတ်လက် အေးချမ်းသွားကြရတာ ပဲ တော် လှနေပါပြီ။

အဝတ်အစားပင် မလဲလှယ်နိုင်သေးဘဲ ကျွန်မ၏ အိပ်ရာပေါ် ဘိုင်းခနဲပစ်လှဲလိုက်သည်။

“မီးမဖွင့်ဘူးလား ထွေးငယ်၊ မှော င်နေပြီသမီးရဲ့ ၊ ခြင်ကိုက်မယ်”

အခန်းဝမှ အဘွားကလှမ်းပြောနေသည်။ ကျွန်မ ကပျာကယာ မျက်လုံးမှိတ်ထားလိုက်၏ ။

“ရေထချိုး လိုက်ပါလား၊ တော် ကြာ အချိန်မဟုတ် အိပ်ဦးမယ်၊ ညကျ မိုးအလင်း စာဖတ်ဦး တော့မယ်၊ ထွေးငယ် ကတော့ကွယ် လုပ်လိုက်မှဖြင့် အချိုး ကိုမပြေဘူး”

ကျွန်မထံမှ တုံ့ပြန်မှု မရရှိသည့်အဆုံး အဘွားသည် ခလုတ် ချောက်ခနဲ ဖွင့်ထားခဲ့တော့ သည် ။

အဘွား စောစောစီးစီးအိပ်ရာဝင်လေ့ ရှိသည်ကို ကျွန်မလိုလားသည်။ တစ်ခုဆိုးတာက နံ နက်လေးနာရီဆို အဘိုးရော အဘွားပါ တချွတ်ချွတ် နိုးကြားလှုပ်ရှား နေကြပါလေပြီ။ အဘိုးက သူ့ ဘာသာ လမ်းလျှောက်ထွက်၊ ပန်းခြံထဲဆင်းပေါင်းသင် ရေလောင်း။

အဘွားက ဆွမ်းချက်၊ ဘုရားပန်းလဲ၊ စိပ်ပုတီးစိပ်၊ အေးမက စာထကျက်၊ အိမ်ရှင်း၊ အိုက် ရွှေက လက်တိုလက်တောင်းကူညီ။ သူတို့တစ်တွေ သဟဇာတ ဖြစ်ကြသော လည်း ကျွန်မ ကတော့ ဘယ်အခါမဆို နံနက်ခုနစ်နာရီထက်စောပြီး အိပ်ရာမထနိုင်ပါ၊ ခေါင်းမူးနောက်သည် ။

အဘွားစိတ်ပူသလို လောလောဆယ် ကျွန်မအိပ်ပျော်သွားမှာ မဟုတ်ပါ။ ယာယီဖြေရှင်း ထားရသော အေးမ၏ ပြဿ နာကို ဘယ်လိုဆက်ပြီး ကိုင်တွယ်ရပါ့မလဲဆိုတာကို ခုမှပဲ အေးအေး ဆေးဆေး အတွေးဖြန့်ကြက်နိုင်တော့သည်။ မမအေးရယ်...နင်ဘယ်သူနဲ့ ဖြစ်လိုက်သလဲ၊ ဘာ ကြောင့် လက်ထပ်စာချုပ်တွေ ဆုတ်ပစ်လိုက်ရတာ လဲ ။

သူက မယူချင်တာလား ။

နင်က မယူချင်တာလား ။

မယူချင်ဘဲနဲ့ ဘာကြောင့် ဘာကြောင့် သည်အခြေအနေထိအောင်...

ကျွန်မ၏ အစ်မသည် ဉာဏ်မျှအထိ အနေအထိုင် ပျက်ယွင်းရသည်ဟု ကျွန်မ မယုံကြည်နိုင် အောင် အံ့ဩတုန်လှုပ်နေမိသည်။

မိုင်းကောင်းကျောက်ဖိ။

အမှန်ပါပဲ ။

မမအေးက မိုင်းကောင်းကျောက်ဖိ နေထိုင်သူပါ ။

သူမတွင် ပညာပါရမီနည်းသမို့ တကုန်းကုန်းကျက်မှတ်ပါလျက်

ဆယ်တန်းအတားအဆီးမှ ကျော်လွှန်မလာနိုင်ခဲ့တာကလွဲပြီး ချွတ်ယွင်းချက် တစ်စုံတစ်ရာမရှိ ။

လှပသည် ။

သိမ်မွေ့သည် ။

လိမ္မာသည် ။

မမအေးအနီးမှာ တရစ်ဝဲဝဲ ပျားပိတုန်းတွေ ၊ လိပ်ပြာတွေ များ ပြားလှတာတော့ ဟုတ်တာပေ့ါ ။မမအေးက ချစ်စကားကြိုက်စကား ပြောလာသူကို မိတ်ဆွေမပျက် ဆက်ဆံလေ့ရှိသည်မှာ လည်း ခေတ်ကာလ အမျိုး သားသမီးတွေ မို့ အဆန်းတကြယ် ဝေဖန်စရာမရှိပါ ။

ကျွန်မလိုယောကျ်ားလေး အပေါင်းအသင်းတွေ နှင့် ရုပ်ရှင်ကြည့်၊ မွေးနေ့အကျွေးအမွေးလုပ်၊ မင်္ဂလာဆောင်မှာ တအုန်းအုန်း တရုန်းရုန်း ပါဝင်ကူညီဆိုတာမျိုး တောင် မမအေးမှာ မရှိတတ်ပါ ။

ဟင်း........

သက်ပြင်းသက်မများ ပင် ချမိပြန်ပါသည် ။

မမအေး ဆယ်တန်းအပြင်ဖြေစဉ်က ကျူရှင် အတူတက်နေကျ သူငယ်ချင်း မမမိမိအောင် မှာ လည်း ဘာသတင်းအစအနမှ မရ ။

အေးမြလှကို အေးမြလှပြီဟု စိတ်ချလက်ချ ယုံကြည့်မေ့လျော့ ထားမိကြသော ကြောင့် ပြ သ နာ လက်သည် ဖော်ဖို့ လမ်းစပျောက်နေရတာ ပါ ။

ဦးတင်ဆွေက နယ်သာလန်တွင် သင်တန်းတက်ရန်ထွက်ခွာသွားသည်မှာ ငါးလကြာမြင့်ခဲ့ ပါပြီး ။

ဆိုလိုတာက သူတရားခံမ ဖြစ်နိုင် သူဆိုလဲအကောင်းသား။ လူသိခံဖို့ ကသိကအောက် ဖြစ် တာကလွဲပြီး သင်းတို့ ကဲလှချည်လားဆိုသော မှတ်ချက်လောက်နှင့်

မျက်နှာမပျက် ပြီးပြတ်သွား နိုင်သည် ။

ကျွန်မသည် အိပ်ရာထက်တွင် လူးလိမ့်ရင်း စိတ်ရှုပ်ထွေးညစ်ညျူး နေမိသည်။ ဦးတင်ဆွေ မိဘများ နှင့် အဖေသည် တစ်မြို့ တည်းသားချင်း တရင်းတနှီး ရှိခဲ့ကြသည်။ ခမည် းခမက်တော် ကြ မည် ဟုနောက်ပြောင် ကတိတွေ ပေးကြ၊ အစီအစဉ်ဆွဲကြရင်း သားသမီးတွေ ကြီးပြင်းလာလေ အ အကောင်းအထည်ဖော်လိုသော ဆန္ဒ ခိုင်မာပြင်းပြလာလေသည် ။

"အိမ်ကကောင်တော့ မင်းလက်ထဲ ဖွတ်အပ်ရမှာ ပဲဟော့၊ မဟုတ်ရင် အူကြီးအူမနဲ့ တစ် သက်လုံး ငံ့ခံသွားရမှာ စိုးတယ်"ဟု ဦးတင်ဆွေဖခင်က ဆိုသည် ။

ရာထူး ၊ အလုပ်အကိုင်နှင့် ကျောထောက်နောက်ခံကလည်း တောင့်တောင့်တင်းတင်း ။ မမအေးထက် အသက်ငါးနှစ် တိတိကြီးသော ကြောင့် မှီခိုရသည် ။ ပညာရေး ချို့ငဲ့သော မမအေး အတွက် အမှီဟဲ ကောင်းကောင်းရှိဖို့ လိုအပ်ပေမည် ။

အဘိုးနှစ် ယောက် နှင့် အဘွား တစ်ယောက် တို့၏ တိုက်တွန်းထောက်ခံချက်ကောင်းကောင်း ရတာ မို့ အဖေက စီစဉ်တာပါ ။ မမအေးလည်း နှစ်သက် လိုလားပေသားပဲ။

သူမ၏ စေ့စပ်ကြောင်းလမ်းပွဲမှာ သူမစိတ်ကြိုက် အဝတ်အစား ရွေးချယ်ပုံများ သုံးစုံတိတိ ပြင်ချုပ်ခဲ့ရတာ ။

အေးမြလှသော အေးမြလှရယ်လေ ။

ဘာကြောင့် များ သည်လို မရှုနိုင် မကယ်နိုင်အ ဖြစ်မျိုး ကြုံနေရပါလိမ့်မလဲ။ ကျွန်မသည် မှော က်ခုံအိပ်ရာမှ ဝုန်းခနဲပတ်လက်အနေအထား ပြောင်းလိုက်မိပြန်သည် ။

"အမလေးတော် ခုတင်ကျိုး မလား အောက်မေ့ရတယ် အကြမ်းဒေါ်ရဲ့ ၊ ကဲ...ထ ထ၊ မှော င် နေပြီ၊ တမေ့တမော ရေချိုး မနေနဲ့၊ အအေးပတ်မယ်၊ ရေချိုး ပြီးရင် သားအဖ စားဖို့ ထမင်းပွဲပြင်"

“ဟုတ်ကဲ့”

ကျွန်မ ဆယ့်ငါးမိနစ်လောက် စိမ်ပြေနပြေ ရေချိုး မိုးချိုး ပစ်လိုက်ပါသည်။ အဘွားကို အရွဲ့တိုက်တာမဟုတ်။ ကျွန်မက ရေချိုး ချင်တာကိုး ။

■

“ကိုကိုလွင် အလုပ်ရတာ ဒေါ်လာနဲ့လား”ဟု နီနီကြိုင်က မေးသည်။

“အရှူးလားဟ၊ ကျပ်ပေါ့၊ သင်တန်းသားတွေ ဆီကကျပ်ပဲရတာ ၊ ငါ့ကိုလဲ ကျပ်ပဲပေးမှာ ပေါ့”

“ကျပ်လည်း တစ်လ နှစ် ထောင်ဆိုတဲ့အင်အားဟာနည်းရောသလား ”

ဟု ကျွန်မက အားကျနေသည်။

“ပိုက်ဆံပေါတိုင်းကွန်ပျူတာတွေ လိုမ့်ဝယ်ထားတော့ နီးစပ်ရာ ဖမ်းခေါ် အလုပ်ပေးတာ ပေါ့ဟာ”

“ကိုကိုလွင်သည် အပေါင်းအသင်းဆံ့သူတစ်ဦး ဖြစ်သည်ဟု ဆိုရလိမ့်မည် ထင်သည်။”

သူသည်ကျွန်မထက် နှစ် တန်းကြီးသော ကြောင့် ပြီးခဲ့သည့်နှစ် မှာ ဘွဲ့ရထားခဲ့ပါပြီ။ အပေါင်း အသင်းများ နှင့် ရင်းရင်းနှီးနှီး ဆက်ဆံတတ်ကာ ကျွန်မတို့မေဂျာ၏ သားရေး နာရေး လှုပ်ရှားမှု များ တွင် နိုးနိုးကြားကြား ပါဝင်လေ့ရှိသော သူ့ကို ကျွန်မ တက္ကသိုလ် ရောက်စကတည်းက အမှတ်ထား မိသည်။

သူကကျွန်မကို ဓာတုမေဂျာတွင် ထင်ရှားသူ ဖြစ်ပေသည်၊ ဘွဲ့ရချိန်တွင် ကွန်ပျူ တာ သင် တန်းဆင်းလက်မှတ်ကို ထူးထူးချွန်ချွန် ကျွမ်းကျင်သူအ ဖြစ် ရယူထားနိုင်သေးသည်။ ဘွဲ့ရပြီးစမှာ ပင်ကွန်ပျူတာ သင်တန်း နည်းပြအ ဖြစ် အလုပ်တစ်ခုလက်ဝယ်ရရှိလိုက်သည်မှာ လည်း သူ့ကို ကျွန်မတို့အငယ်တန်းတွေ အထင်ကြီး အားကျဖွယ် ဖြစ်ရပြန်သည်။

ယခု ကျွန်မတို့ထံ အလည်လာရင်း သူအလုပ်ရသော အထိမ်းအမှတ် အ ဖြစ် ကျွေးမွေး အ အေးတိုက်နေခြင်း ဖြစ်သည်။

“မင်းတို့ကျောင်းပိတ်ရက် အလကား ငေါင်နေမယ့်အစား ကွန်ပျူ

တာသင်ကြပါလား”

ဟုသူက အကြံပြုသည်ကို ကျွန်မစိတ်ဝင်တစားရှိသည်။

“ကွန်ပျူတာသင်ရင် ဘယ်လိုအကျိုး ရှိမလဲ”

“ခေတ်နဲ့ အမီလိုက်တယ်ဆိုတဲ့ ဂုဏ်တု ဂုဏ်ပြိုင်သဘော ကတော့ အခြေခံ အကျိုး ပေါ့ဟာ”

ကျွန်မနှင့် နီနီကြိုင်က ကိုကိုလွင်ကို အပြိုင်အဆိုင်မျက်စောင်းခုတ်ပစ်လိုက်ကြပါသည်။

နောက်ဆုံးနှစ် ကျောင်းသားကြီး ကိုဇော်နီသည် ကိုကိုလွင်တိုက်သော ပက်ပစီကို ကျူတံ နှင့် တမြုံ့ မြုံ့ စုပ်ရင်း တစိမ့်စိမ့် စဉ်းစားနေသည်။

“ပုံမှန်သင်တန်း ရက်ဂူလာ ကိုစ် သုံးလတက်ထားရင် အလုပ်ဝင်တော့ တစ်ပန်းသာတာပေါ့။ ဝဲ့ဒ်ပါဖတ် တက်ရင်စာစီစာထုတ်နိုင်မယ်၊ လိုတပ်စ်တက်ရင် စာရင်းဇယားပြုစုနိုင်မယ်၊ ဒီဘေ့စ် တက်ရင် ဒေတာအများ ကြီး သိမ်းဆည်းနိုင်မယ်”

အစဉ်သဖြင့် စူးစမ်းရှာဖွေလေ့ ရှိသော ကျွန်မက သူနှစ် ခါမတိုက်တွန်းရဘဲ ကွန်ပျူတာ သင်တန်းတက်မည် ဟု ပိုင်းဖြတ်သည်။

“သုံးလဆိုတော့ ကျောင်းပြန်ဖွင့်သွားမှာ ပဲ”

.”ကျောင်းဖွင့်စ ဘာမှ စာသင်လှတာမှ မဟုတ်တာ၊ ပြီးတော့ စနေတနင်္ဂနွေ အတန်းတွေ ယူ ပေါ့”

ကိုကိုလွင်သည် ကျွန်မအား စူးစိုက်ကြည့်စဉ်တစ်စုံတစ်ခုသော အဖြေကို ရှာဖွေနေဟန်ရှိ သော အရိပ်သဏ္ဍာန်ရောယှက်နေသည်။

ကျွန်မရိပ်မိပါသည်။

မနေ့ကသတင်းစားထဲမှ အေးမဆိုသော လူပျောက်ကြော်ငြာသည် ကျွန်မ၏

အမ ဖြစ်နေမ လားဟု သူတွေ းဆနေတာ ဖြစ်မှာ ပါ။

နွေရာသီ ကျောင်းပိတ်လုဆဲမို့ အတန်းဖော် အချို့ ပင်နယ်သို့ ပြန်ကုန်ကြပါပြီ။ မနက်ဖြန် တော့ကျွန်မကျောင်းမတက်တော့ဘူးဟု ပက်ပစီမြုံ့ ရင်း ပိုင်းဖြတ်လိုက်သည်။

မဟုတ်လျှင် သတင်းစားထဲကအေးမဟာ ကျွန်မအစ်မလားဟု တစ်ယောက် မဟုတ်လျှင် တစ်ယောက် မေးမြန်းစပ်စုနေလိမ့်ဦးမည် ။

"ထွေးငယ်တက်မှာ လား"

"တက်မယ်"

"နီနီကြိုင်လဲ တက်မယ်မဟုတ်လား"

"အိမ်ကိုပြန်မေးရဦးမယ်"

"နင်ကလဲဟာ ဒီအရွယ်ရောက်နေမှ အစစအရာရာ ပါမစ်ရှင် တောင်းနေရသေးလား"

ခုမှ ကိုဇော်နီ ခေါင်းထောင်လာပြီး နီနီကြိုင်ကို အဆင်းတွန်းသည်။ သူနှစ် များ ဆို ကျွန်မနှစ် နီနီကြိုင်က ရွယ်တူများ သဖွယ် ဦးသူက ပြက်ရယ်ပြုနောက်ပြောင်ကြစတမ်း။

"ဒီအရွယ်ရောက်လဲ မိဘ လက်ဝေစာ လက်ဖြန့်တောင်းနေရတုန်း ရှိသေးတာကိုး။ သုံးလ သင်တန်းစရိတ်က ဘယ်နှစ် ထောင်မှန်းမှ မသိတာ"

နီနီကြိုင် အောက်ကလိအာ စကားအဆုံးတွင် ကျွန်မကကိုကိုလွင်ကို ပေးဆတ်မေးမြန်း သည်။

ကိုကိုလွင်ကပြုံး စစနှင့် လက်နှစ် ချောင်း ထောင်ပြသည်။

"နှစ် ရာ"ဟု ကျွန်မက မသိဟန်ပြုပြီး မေးခွန်းထုတ်လိုက်လျှင် ကိုကိုလွင်က...

"ကိုယ်ကွန်ပျူတာဝယ်နိုင်မှ အဲဒီ နှုန်းနဲ့ သင်ပေးမယ်"

ဟုအငေါ်တူးသည်။

ကိုဇော်နီကလက်ပတ်နာရီကို ကြည့်ကာ...

"ပြန်မှပဲဟေ့....ဒီ့ထက် နောက်ကျရင် ကား ကျပ်တော့မယ်"

ဟုရေရွတ်သည်။

ပြီးတော့ အမှတ်တမဲ့လိုလိုနှင့် ....

"နင်ကောမပြန်သေးဘူးလား နီနီကြိုင်"ဟုမေး၏ ။ ကျွန်မလည်းမသိလိုက်ဘာသာ ပက်ပစီပု လင်းသို့ မျက်လုံးစိုက်ထားလိုက်ပါသည်။

"ပြန်မယ်လေ၊ ပြန်ကြတာပေါ့"

ပြောပြောဆိုဆို နီနီကြိုင်က လွယ်အိတ်ကိုသိမ်းသည်။ ကိုဇော်နီသည် ဆံပင်ကို နာသယ် နှစ် ဖက်မှ နောက်ဘက်သို့ လက်နှစ် ဖက်စုံသပ်လိုက်၊ တင်ပါးနှစ် ဖက်ကို ဘေးမှ အောက်ဘက်သို့ စုံပွတ်လိုက်ဖြင့် ဣန္ဒြေမရ၊ အပိုးမသေ။

နီနီကြိုင် ကတော့....

"နင် နက်ဖြန် ကျောင်းလာဦးမှာ လား"ဟု ကျွန်မအားဟန်မပျက်မေးရင်း နေရာမှထသည်။

"မလာတော့ဘူး၊ ညနေကျမှပဲ ကိုကိုလွင့်သင်တန်းလာတက်မှာ "

"ငါတက် ဖြစ်ရင်လာခဲ့မယ်"

"လာပါဟာ...လမ်းထွက်ရတာ အမြတ်ပဲ၊ အဝတ်လျှော့ဝယ်လိုက်"

နီနီကြိုင် လက်ပြကျောခိုင်းသွားသော အခါ ကိုဇော်နီသည် အူတူတူမျက်နှာနှင့် စောင့်ကန်း စောင်ကန်း လိုက်ပါသွားတော့သည်။ အင်္ဂလိပ်အက္ခရာ အိုင်အသေးနှင့် ထီအသေးလို။

"အဟိ"

သူတို့ပြန်ဖို့ အချိန်းအချက်ရှိသည်ဟု ကျွန်မတို့က မရိပ်မိတော့မှာ ကျနေတာပါပဲ။

ကျွန်မက လွတ်ထွက်လာသော ရယ်သံကို ထိန်းချုပ်ရင်းပါးစပ်ကို လက်သီးဆုပ်နှင့် ပိတ်လိုက်ရသည်။

"ဟိတ်....ကလေးလား၊ ဘယ့်နယ် ရှပ်ထပ်"

ကိုကိုလွင်က ပြုံး စစနှင့် Shut up ဟု ပီပီသသမဟုတ်ဘဲ ငါးပိသံနှင့် နောက်သည်။

"သူတို့ကြည့်သွားကြပြီလား"

"ဘယ်တုန်းကလဲ၊ ကိုယ်တောင်မသိလိုက်ဘူး"

"အတိအကျတော့ ဘယ်သူသိမှာ လဲ၊ခုလိုပဲ တဖြည်းဖြည်းပြောင်းလဲလာကြတာပေါ့"

"ဒါတော့ ဟုတ်တာပေါ့"

လေးယောက် တရင်းတနှီးတတွဲ တွဲ ရှိခဲ့ကြရာမှ နှစ်ယောက် ဖြင့် ကြိုး ချင်းထား ကြိုး ချင်းငြိ လေပြီ။

ကျွန်မနှင့် ကိုကိုလွင်ကကော။

သစ်လွင်နေ့ မတိုင်မီကတည်းက သူနှင့် ကျွန်မ မြင်သိခဲ့ကြသည်။ မကျွမ်းသော လည်း သိခဲ့ ကြုံခဲ့ မြင်ခဲ့ကြရအောင်ကိုးရိုးကားရားအ ဖြစ်နှင့် ကြုံကြိုက်သည်။

တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာတွေ လာတင်ရင် ပြည်လမ်းဖြတ်အကူးမှာ ကျွန်မ ဟပ်ထိုးလဲခဲ့သည်လေ။

"ကျွီ"ခနဲ ကားဘရိတ်ဖမ်းသံ၊ "ဟာ"ခနဲ "ဟင်"ခနဲ အော်သံများ ။

"ကျေးရူးရှင်ရယ်၊ နေ့ခင်းကြောင်တောင် လမ်းအရှင်းကြီးမှာ များ "

ဒရိုင်ဘာ၏ မကျေမချမ်းရေရွတ်သံကို တုံ့ပြန်ရန်တွေ ရန်ခေါင်းထောင်ကြည့်ဆဲ....

“မိုးတွင်းကျမှဖားကောက်လို့ရမှာ ပေါ့”

ဆိုသော အသံကြည်ကြည်ကို အနီကပ် ကြားလိုက်ရပြန်သဖြင့် ဒေါသများဦး ပြောင်းလှည့် လိုက်ရပြန်သည်။

အဲဒါ ကိုကိုလွင်ဟုနောက်များ မှ ကျွန်မသိလာခဲ့ရသည့် သူပြောလိုက်တာမှ ဟုတ်လေရဲ့ လား ကြောင်အမ်းသွားရစေအောင်သူလည်း လမ်းပေါ်ပြန့်ကျဲနေသော ကျွန်မ၏ ခေါက်ထီး၊ ဗလား စာအုပ်၊ ကွန်ပါဘူး၊ ဘောလ်ပင်ကို တစ်ခုချင်းလိုက်ကောက်နေသည်။

ကျွန်မတို့လမ်းပိတ်ဆို့နေသော ကြောင့် လက်ယာကပ်မောင်းလာသော မြို့ ပြင်ထွက်ယာဉ်ကြော အစီအရီ ဟွန်းသံတွေ ပေးတော့သည်။

“ထလေ....နာသွားသလား၊ မထနိုင်ဘူးလား”

ကျွန်မမနာပါ။ ဒူးတစ်ဖက် စပ်ဖျဉ်းဖျဉ်း ဖြစ်သွားရုံပါ အိမ်ရောက်မှ လှန်လှောကြည့်ရှုပြီး အရေခွံပွန်းပဲသွားသည်ကို တွေ့ရသည်။

အရှက်ပြေ နာဟန်ပြုပြီးတော့ ထော့နင်းထော့နင်းနှင့် လမ်းဘေးကပ်လိုက်ရသည်။ လွယ်အိတ်ထဲသို့ ကျွန်မပစ္စည်းတစ်ခုချင်းပြန်ထည့်ပြီးသည့်အထိ သူရပ်စောင့်နေသည်။

အဲသည်တုန်းက ထွေးငယ် ကျေးဇူးတင်စကား ပြောမလို့ပဲ၊ ကိုကိုလွင်က ချက်ချင်း လှည့် ထွက်သွားတာပဲဟု နောက်နောက်ရင်းနှီးလာတော့မှ ကျွန်မက လေပြေထိုးသည်။ မင်းပြောမယ့်ပုံ မှမပေါ်ဘဲ၊ ကိုယ့်ကိုတောင် ရန်တွေ့တော့မလိုနဲ့ ဟု သူက မှန်တာပြောသည်။

သစ်လွင်နေ့မှာ ကျောင်းသားကြီးတွေ အလည်မှ သူ့ကိုလှမ်းမြင်မြင်ချင်း ကျွန်မမှတ်မိသည်။ သူကိုကလည်း အမှတ်ထားမိလောက်သော ရုပ်ရည်အသွင်သဏ္ဌာန် ရှိနေသည်။ အသားဖြူဖြူ အရပ်မနိမ့်မမြင့်၊ လူပုံခပ်သွယ်သွယ်၊ အထူးခြားဆုံးက သူ၏ တောက်ပသော မျက်လုံးများ နှင့် သူ၏ လန်းဆန်းဖော်ရွေသော မျက်နှာပေးအမူအရာပင်

ဖြစ်လေသည်။

လူမှု ရေး လုပ်ငန်းတွေ မှာ တက်ကြွစွာ ခေါင်းဆောင်လှုပ်ရှားတတ်သော သူနှင့် အလုပ်ကြောင်းကိစ္စတွေ မှာ ပါဝင်ကူညီသင့်သည်ဟု ယူဆကျင့်သုံးလေ့ရှိသော ကျွန်မတို့သည် အမွေးအသွေးတူ ငှက်များ အ ဖြစ် ပေါင်းစည်း ဖြစ်ခဲ့ကြသည် ။

တစ်ချိန်ချိန်မှာ ကျွန်မတို့နှစ် ယောက် ချစ်သူတွေ ဖြစ်လာကြမည် ဟု ပတ်ဝန်းကျင်က ထင် မြင်မျှော်လင့်ထားကြ၊ နောက်ပြောင် ကျီစယ်တတ်ကြသည်။

ယင်းတစ်ချိန်ချိန်သည် ခုထက်တိုင် ရောက်မလာသေးပါ။ ကျွန်မနှင့် ကိုကိုလွင် ကတော့ မိတ်ဆွေများ အ ဖြစ် ဆက်လက်ရပ်တည်နေကြဆဲ ရှိပါသေးသည်။

"ကိုယ်တို့လဲ လိမ့်ကြမလား"

"အင်း… ပြန်တာပေ့ါ"

"အိမ်ပြန်တော့မလား"

"ဟင့်အင်း၊ ထွေးငယ် သွားစရာရှိတယ်"

"ဘယ်ကို"

"စော်ဘွားကြီးကုန်း"

သူ၏ မျက်လုံးညိုကြီးတွေ က ကျွန်မမျက်နှာကို စူးစိုက်ကြည့်သည်။

"မနေ့က မင်းကို စော်ဘွားကြီးကုန်းမှာ တွေ့လိုက်တယ်"ကျွန်မမျက်နှာ နွေးခနဲ သွေးဖြန်း သွားပါသည်။

"လူတူတာ မဟုတ်ဘူးလား"

"မင်းလို ဂျစ်ကန်ကန်ကောင်မလေးမျိုး ကတော့ မင်း တစ်ယောက် တည်းပဲရှိပါတယ်ကွာ"

သူသည် တစ်ဖက်သား နေသာထိုင်သာ ရှိအောင် ပြောတတ်သူပင်။

သူ့စကားကြောင့် ကျွန်မ ပြုံး မိသွားသည်။

"စော်ဘွားကြီးကုန်း ဘယ်နေရာမှာ လဲ… ကဲ"

"လက်ဖက်ရည်ဆိုင်"

"မဟုတ်ဘဲနဲ့ "

"ရွှေကိန္နရီ"

သည်အထိ အတိအကျသိနေမှတော့ ကျွန်မ ဆန့်ကျင် ငြင်းဆန်မနေချင်တော့ပါ။

"ကိုကိုလွင်က စော်ဘွားကြီးကုန်းမှာ ဘာသွားလုပ်တာလဲ"

"အခု ကိုယ် စော်ဘွားကြီးကုန်းမှာ နေတယ်လေ"

"ဟင်.. အဆောင်မှာ မဟုတ်တော့ဘူးလား"

"ကိုယ် ကျောင်းသားမှ မဟုတ်တော့တာ"

သူ့ကို နယ်ကျောင်းသားအ ဖြစ် သိခဲ့သလို သူ ဘွဲ့ရသွားတာလည်း သိသည်။ သူ အလုပ် လုပ်နေပြီဆိုတာလည်း သိသိကြီးနှင့် သူ နေရပ်လိပ်စာ ပြောင်းရွှေ့သွားပြီးဆိုတာ ကျွန်မသတိ လက်လွတ် အမှတ်မဲ့ ဖြစ်နေခဲ့ပါသည်။

"အမျိုး အိမ်လား"

"ဆိုပါတော့"

"ဆိုပါတော့ဆိုတာက အမျိုး မဟုတ်လို့လား"

"အင်း.. ဘယ်လိုပြောရမလဲ၊ အဲဒါ ကိုယ့်အဖေအိမ်"

"ဟာ… ကိုကိုလွင်ကလဲ၊ အဖေဆိုတာ အမျိုး ပေါ့"

"ဒါပေမယ့် အဖေတော် တာနေသေးတာပဲ၊ အမျိုး ပဲပေါ့"

ကျွန်မက သူ့မျက်နှာမှာ အဖြေရှာရသည့်အလှည့်။ စားပွဲပေါ်မှ လပ်ကီးစထရိုက်

လေးလိပ် က ကျွန်မကို မျက်စပစ်မြူဆွယ်နေသည်။ ကျွန်မ ပါးစပ်ချဉ်လာ၏ ။

“ဘာ ဖြစ်လို့ တခြားစီနေတာလဲဟင်”

“အဖေက အမေနဲ့ကွဲသွားတာကိုး၊ ပြီးတော့ နောက်မိန်းမ ယူသွားတာကိုး”

“ဪ.....”

ကျွန်မ အားနာသွားသည်။ စိတ်မကောင်းလည်း ဖြစ်မိ၏ ။

“အဖေဆို ရှိမှန်းတောင်မသိခဲ့တာ တက္ကသိုလ်ရောက်တဲ့အထိပဲ”

သည်တစ်ရက်နှစ် ရက်မှာ ဘာကြောင့် များ အဆင်မပြေသော ဘဝတွေ ဟာ ကျွန်မနှင့် အထူးနီးကပ်စွာ ရောက်ရှိလှုပ်ရှားနေကြရပါလိမ့်။

“ကိုယ် တက္ကသိုလ်ရောက်ပြီးတော့ အဖေကလာတွေ့တယ် ထောက်ပံ့ချင်တယ်၊ အမေက လက်မခံစေချင်ဘူး၊ ကိုယ် လက်မခံပါဘူး ခုတော့ အဖေ တော် တော် မမာဘူး”

ရုတ်တရက် သူ့မျက်လုံးတွေ လက်ခနဲတောက်ပသွားပြီး ပြုံး ယောင်ယောင်ပြု လျက်...

“မနေ့က ထွေးငယ်သွားတဲ့ အိမ်ရဲ့ ကပ်လျက်အိမ်ဟာ အဖေ့အိမ်ပေါ့”

ကျွန်မမှာ ပါးစပ်အဟောင်းသား အံ့အားသင့်သွားရပြန်တော့သည်။

“ကိုကိုလွင်က ထွေးငယ်ကို တောက်လျှောက်တွေ့ထားတော့တာပဲ”

မအောင့်နိုင်တော့ဘဲ စီးကရက်တစ်လိပ် ကောက်ယူလိုက်သည်။ ပြီးတော့ လွယ်အိတ်ထဲမှ ဂက်မီးခြစ်ကို နှိုက်ယူလိုက်သည်။

“ထွေးငယ်တော့ အပျက်ပျက်နဲ့ တကယ်စီးကရက်စွဲတော့မယ်နော်”

“ဟုတ်တယ်ထင်တယ်”

“ဟား.. ထင်တုန်းပဲရှိသေးသလား”

"ထင်တုန်းပါပဲ၊ ကိုကိုလွင်တော့ သတင်းစာထဲက ကြော်ငြာကိုတွေ့ထားပြီးလို့လဲ ထင်တုန်း ပဲရှိသေးတာ၊ ထွေးငယ် မသေချာသေးဘူး"

သူ ခေါင်းညိတ်သည်။

"အေးမ အေးမနဲ့ ထွေးငယ်ပြောနေကျတာ ကိုယ့်နားထဲမှာ ယဉ်နေတာ၊ ပြီးတော့ မှတ်မိ လား၊ ထွေးငယ်မွေးနေ့မှာ ကိုယ်တို့ကို အုန်းနို့ခေါက်ဆွဲကျွေးတုန်းက ထွေးငယ်တို့အိမ်ကိုယ်တို့လူစု လိုက်စားကြတယ်လေ"

ကျွန်မငြိမ်သက်စွာ ပဲ ဝန်ခံလိုက်ရပါသည်။

"အေးမကို တွေ့ထားပြီးပေ့ါနော်"

ကိုကိုလွင်က ကျွန်မထံမှ စီးကရက်မီးခိုးငွေ့နှင့် လွတ်အောင် ထိုင်ခုံပုကို နေရာအနည်းငယ် ရွှေ့လိုက်သည်။

"သူ့ကိုသေချာမမှတ်မိဘူး၊ အဲဒီ ရှမ်းတရုတ်မကြီးရဲ့ အိမ်မှာ တွေ့လိုက်တော့ မြင်ဖူးသလို အောက်မေ့မိတာပဲရှိတယ်၊ မနေ့က သတင်းစာထဲတွေ့တော့မှ အဲဒါ အေးမများ လားလို့ တွေးမိ လာတယ်၊ ထွေးငယ်ကိုမေးမလို့ စိတ်ကူးသေတယ်၊နောက်တော့ ပြောချင်ရင် ပြောမှာ ပဲဆိုပြီး..."

သူက ကျွန်မမျက်နှာကို တွေးတွေးဆဆ ငေးကြည့်သည်။

"တစ်နေ့ကမှ ကိုယ်တွေ့တာ ခဏလေးပါပဲ၊ ကိုယ်ကခြံထဲဆင်းပြီး ငရုတ်သီးစိမ်းခူးတုန်း သူကလဲ လှန်းထားတဲ့အဝတ်တွေ ထွက်ရုပ်တာနဲ့ ကြုံး လိုက်တာ"

ကျွန်မသည် အေးမဘာကြောင့် အဲသည်ရောက်နေကြောင်း ပြောမထွက်သေးပါ။ ကိုကိုလွင် ကိုတော့ ပြောပြချင်သည်။ကျွန်မရင်ထဲမှာ လျှို့ ဝှက်သိမ်းဆည်းထားရသမျှ တင်းကျပ်လှနေပါပြီ။ သူ့ကိုမှယုံရလျှင် ယုံးစရာလူ ဘယ်မှာ ရှိပါတော့မလဲ။

"ကိုကိုလွင့်အဖေ့က သားသမီးတွေ မရဘူးလား"

“နှစ် ယောက် သမီးတွေ ချည်းပဲ အဲဒါကြောင့် လဲ ကိုယ့်အပေါ် သံယောဇဥ်မပြတ်တာ ဖြစ်မှာ ”

“သားသမီးပဲ ကိုကိုလွင်ရယ်”

“မ ခင်မှ ဥမင်သတဲ့၊ အမေ့မှမခင်ဘဲ ကိုယ့်ကိုမင်ဖို့ ကျဲသားပဲလေ”

“ခုခင်သားပဲ”

“သားထပ်မရလို့ပေါ့”

“အင်း.....ထွေးငယ်လဲသိပ်နားမလည်ပါဘူးလေ”

“လူ့သဘောသဘာဝဟာ သိရနာလည်ရ ခက်တယ်ကလေးမရဲ့ ၊ ဒါပေမယ့် ထွေးငယ်ဟာ အများ နဲ့ရောရော နှောနှောနေနိုင်တဲ့လူပဲ၊ အရွယ်ရလာတာနဲ့အမျှ လူတွေ ကို ဘယ်လိုဆက်ဆံ သိမ်းသွင်းရမယ်ဆိုတာ ပိုကျွန်းကျင်လာမှာ ”

“အလဲ့....ထွေးငယ်က လူမှု ဆက်ဆံရေး ကျွမ်းကျင်သူကြီး ဖြစ်လာနိုင်တယ်ပေါ့”

“ဒါပေါ့”

ကျွန်မက တစ်ဝက်ကျော်ကျန်နေသေးသော စီးကရက်ထိုးခြေလိုက်ပါသည်။

“ကိုကိုလွင့်ညီမတွေ က ဘယ်အရွယ်ရှိပြီလဲ”

“ဆယ့်လေးနှစ် က တစ်ယောက် ၊ ဆယ့်နှစ် နှစ် က တစ်ယောက် ၊ ကိုယ့်ကို အစ်ကိုလို့ခေါ် ကြတယ်”

“ကျွန်မလုံးမလဲ တစ်ချက်ရယ်မိသည်။”

“ထွေးငယ်တို့ကလဲ ကိုကိုလွင်လို့ခေါ်တာ အစ်ကိုဆိုတဲ့သဘောနဲ့ လိုလိုချင်ချင်ခေါ်တာပါ နော်”

“နာမည် ခေါ်တာ မဟုတ်ဘူးလား”

"မဟုတ်ပေါင်၊ အတန်းကြီးက အစ်ကိုကြီးလွင်ဆိုတဲ့ အဲသလို အဓိပ္ပာယ်ပေါက်တယ်"

"ဒါဆိုလွတ်စေဗျာ"

သူကစားပွဲထိုးလေးကိုခေါ်ကာ ငွေပေးချလိုက်ပါ၏ ။ ဟိုင်းမှထွက်လာကြသော အခါ တိုင်ပင် စရာမလိုဘဲ စော်ဘွားကြီးကုန်သို့ အတူသွားကြမည် ဟု သိနေသည်။

"ဒီနေ့ညနေပိုင်း အတန်းမရှိဘူး၊ ကိုယ်အားနေတယ်၊ နက်ဖြန်တော့ ကိုယ်အပြန်မိုးချုပ် မှာ ပဲ"

မင်္ဂလာဒုံဘက်သို့ သွားသော နံပါတ်ကိုးတွေ ၊ ငါးဆယ့်တစ်တွေ ဟာ လေးနာရီမထိုးမီမှာ ပင် အတော် ကျပ်ခဲနေပါပြီ။

ကားပေါ်ရောက်အောင် မနည်းတိုးဝှေ့တက်ကြရသည်။ ကိုကိုလွင်နှင့် ကျွန်မသည် ရင်ဘက် ချင်းအပ်မတတ် ပူးကပ်လျက်ရှိနေ၏ ။ လွယ်အိတ်ကိုယ်စီပိုက်လျက် ခါးပိုက်နှိုက်ရန် ကားကွယ်ရင်း တတ်နိုင်သလောက်
အသားချင်းထိမနေအောင်ဆီးတာထားကြသည်။

သူနှင့် ကြိမ်ဖန်များ စွာ း ဘတ်စ်ကား အတူစီးဖူးလှပါပြီ။
သူငဲ့ညှာကူညီတတ်ပုံနှင့် အခွင့်အ ရေး မယူတတ်သော ယောကျ်ားကောင်းပီသပုံတွေ ကို ကြားဖူးကြုံဖူးခဲ့ပြီမို့ လေးစားမှု သည် ခင်မင် ရင်းနှီးမှု နှင့် ဒွန်တွဲ လိုက်ပါလာခဲ့ပါသည်။

ခုတော့သူက ကျွန်မ၏ ဆရာ ဖြစ်ဦးတော့မှာ ပါလား။ အတွေ းအဆုံးတွင် ကျွန်မရင်မှာ လှိုက် ခနဲ သိမ့်ခါကြည်နူးလိုက်မိရပါ၏ ။

စော်ဘွားကြီးကုန်းရောက်လျှင် အစ်ကိုကြီးကို ပူဆာသော နမလို...

"ထွေးငယ် အရင်သွားနှင့် မယ်နော်၊ အေးမကိုအိမ်ထဲခေါ်သွင်းသွားပြီးမှ ကိုကိုလွင်က အိမ် ရှေ့ကဖြတ်ကျော်"

"ကောင်းပါပြီခင်ဗျာ၊ ကိုယ့်အိမ်မှာ လဲ ခပ်လျှိုလျှိုနေပါ့မယ်၊ ခေါ်ဝင်းလင်းထွေးရဲ့

အစ်မက မြင်မသွားအောင်၊မှတ်မိမသွားအောင် ကိုယ်အထူးဂရုစိုက်ရမှာ ပေါ့”

“ထွေးငယ် သိပ်တောင်ဆိုးနေပြီလား”

“ကိုယ် အပန်းမကြီးပါဘူး၊ အလုပ်သွားနေရတော့အိမ်နေချိန်မှ သိပ်မရှိတာ၊ ညဘက်မှ အိမ်မြဲလေ့ရှိတာပါ”

“ကျေးဇူးပါပဲကိုကိုလွင်ရယ်”

“ကျေးဇူးစကားတော့ ပြန်ရုပ်သိမ်းပါ”

“ဟုတ်ကဲ့ ဟုတ်ကဲ့၊ ပြန်ရုပ်သိမ်းပါတယ် ကိုကိုလွင်ရယ်”

■

ပြတင်းပေါက် ခန်းဆီးကလေးလှုပ်ရှားသွားပြီး နံဘေးဖယ်ခွာသွားသည်။

“ထွေးငယ်ရယ် ငါမျှော်လိုက်ရတာ ”

အေးမဟာ လှကိုလှတာပါပဲလားဟု ကျွန်မ တွန်းတိုစွာ မှတ်ချက်ချမိသည်။ မဖြီးမလိမ်း မျက်နှာအပြောင်သား၊ဆံပင်ကလည်း ဖရိုဖရဲ။

အဲသိကြားကပဲ သူမ၏ သမင်မျက်လုံးတွေ သည် ကရုဏာကို ငံ့လင့်ရင်း ရွှန်းရီပြာလဲ့လို့ နေ ကြသေးသည်။

“ညနေမှလာပါ့မယ် ပြောထားသားနဲ့”

“အေးပါဟုတ်ပါတယ် ငါမျှော်နေမိတာ”

နန်လောင်ငင်း၏ ယောက် မကြီး ဒေါ်နန်းအိက ကျွန်မအားအိမ်ရှေ့တံခါးဖွင့်ပေသည်။

“ထမင်းမစားဘူး၊တစ်ခါလုံးငိုနေတာပဲ၊ နင့်ကိုပဲမျှော်နေတာ”

ဒေါ်နန်းအိ၏ ကရုဏာသည် အေးမအပေါ် စီးလျှံနေပြီးဟု သိလိုက်ရသည်။ ကျွန်မ အပြစ် မကင်းသလို ဇက်ပုငြိမ်သက်စွာ ခပ်ကုပ်ကုပ်ကလေး ဝင်ခဲ့ရတော့သည်။

အိပ်ခန်းဝမှ လူလုံးထွက်ကာ အေးမက ကျွန်မကိုကြို့ဆိုသည်။ အိမ်ရှေ့အထိထွက်လာဖို့ပင် အေးမ သတ္တိမွေးနိုင်သေးဟန်မရှိ။ အင်း...သည်အစ်မကြောင့် ကျွန်မမှာ ဖြင့် တရေး မှော င့်နေရပါပြီ။

"နင့်အဝတ်နှစ် စုံယူလာတယ်၊ နက်ဖြန်မှ လေးငါးစုံထည့်ခဲ့ပေးမယ်၊ ဒီနေ့က ကျောင်းလဲ သွားရသေးတော့လွယ်အိတ် သိပ်ဖောင်းဖုနေမှာ ဆိုးရသေးတယ်"

"နှစ် စုံပါလဲ မဆိုးပါဘူး၊နန်းဆီက ငှားဝတ်တာရော၊ နန်းနဲ့အဝယ်ခိုင်းတာရော လည်ပတ်ပါ တယ်"

"ဘီး၊ မျက်ခုံးဆွဲတံ၊ နှုတ်ခမ်းနီ၊ ကရင်းဝတ်"

ခုတင်ပေါ်သို့ တစ်ခုပြီးတစ်ခုစီချပေးပြီးမှ ကျွန်မကပခုံးမှလွယ်အိတ်ကိုပါပစ်ချလိုက်သည်။

ပြီးတော့ နံဘေးနေရာလွတ်တွင် စန့်စန့်ကြီးလှဲချလိုက်တော့သည်။

"အဖေ ဘာပြောသေးလဲဟင်၊ နင့် ဇာတ်လမ်းကိုယုံရဲ့ လား"

"ဟင်....ငါ့ဇာတ်လမ်း၊ မမအေးကလဲ နင့်ဇာတ်လမ်းပါဟ၊ အေးလေ ဟုတ်ပါတယ်၊ ခုတော့ ငါ့ဇာတ်လမ်း ဖြစ်သွားပြီးပေါ့"

နက်ဖြန်လားရှို ပြန်တော့မည် မမနန်းလောင်ငင်းနှင့် စာတစ်စောင် ထည့်ပေးလိုက် ရဦးမည် ဟုဇာတ်ဆရာကျွန်မ သတိရလာသည်။ ညကတည်းက ကြို တင်အကွက်ချ စီစဉ်ပြီးသားစိတ်ကူးနှင့် စာစီပြီးသား။

"စာရွက်နဲ့ဘောလ်ပင်ထုတ်ဦး မမ၊ ငါအကြမ်းရေး ပေးမယ်၊ နင်အချောကူး"

အေးမက ခုံတင်နံဘေးထိုင်ခုံတွင် ကျုံ့ကျုံ့ကလေးထိုင်ကာ ရင်ဝကိုလက်နှစ် ဖိပြီး မျက်နှာ ရှုံ့မဲ့ နေသည်။

"ဘာ ဖြစ်လို့လဲ မမအေး၊ အန်ချင်လို့လား"

လှဲအိပ်နေရာမှ ကုန်းရုန်းထလိုက်သော ကျွန်မကိုမမအေးက လက်ကာတားမြစ်သည်။

ကျွန်မက သူမ၏ နောက်ကျောဘက် ရပ်ကာ ပခုံးနှစ် ဖက်ကိုဖိနှိပ်ပေးရသည်။ လေတစ် ချက်နှစ် ချက်အော့အန်ပြီးနောက် သူမ၏ နဖူးတွင် ချွေးစလေးတွေ စို့ကာ မောဟိုက်နေသည်။

"အစာမြင်တာနဲ့အန်ချင်တယ်၊ စားရင်ပြန်အန်ထွက်တာပဲ၊ မစားလဲ လေအန်တယ်"

သူမကိုတွဲ ယူကာ စောစောက ကျွန်မအပိုင်စီးမည် ရည်ရွယ်သည့် သူမ၏ အိပ်ရာပေါ်လှဲ အိပ်စေရတော့သည်။

"အဲဒီ လိုချည်း နေမကောင်းနေမှာ လား"

"နန်းအပြောအရတော့ နောက်ထပ်ခံရလှ တစ်လပါပဲတဲ့၊ ဒါပေမယ့် တစ်လကြီးတောင်၊ ငါသေးမှာ ပဲထင်တယ်"

"မမအေးကလည်း မဟုတ်တမ်းမရမ်တွေ ပြောရော့မယ်"

ကျွန်မကစားပွဲပေါ် အသင့်တွေ့သော စက္ကူယပ်တောင်ကလေးကိုဆွဲယူပြီး မမအေး၏ ဆံစတွေ ၊နားသယ်တွေ ကိုယပ်ခတ်ပေးရသည်။

"နင် ဘာမှမစားလို့မ ဖြစ်ဘူး၊ ဟောလစ်သောက်မလား"

မမအေး မျက်နှာလွှဲသွားသည်။

ဟောလစ်ကိုမမအေး သိပ်ကြိုက်တာ။ အရည်ဖျော်သောက်ရမလား၊ အမှုန့်လျက်မလား။ ကျွန်မလဲ အတူတူပါပဲလေ။ ငယ်ငယ်တုန်းက ညီအစ်မနှစ် ယောက် မကြာခဏဒဏ်ပေးခံရသည်မှာ မမအေးအဖို့ ဟောလစ်မှု နှင့် ခိုးစားမှု ကြောင့် ပင် ဖြစ်သည်။

ကျွန်မအဖို့မူကား အပျိုပေါက်အရွယ်အထိ အကြောင်းကြောင်းတွေ ကြောင့် ဒဏ်ပေး မခံရ သော နေ့မည် သည် မရှိခဲ့။ အရေအတွက် အနည်းအများ ကွာဟတာတစ်ခုပါပဲ။ သစ်ပင်တက်လို့၊ ဈေးဖိုးပိုငွေကို မုန့်ဝယ်စားလို့၊ ကားချပ်ထပ်လို့၊ အဲဒါကဆီးပြာထုပ်မှာ ပါသော သိုင်းကွက် ကောင်း ဘွိုင်ပုံအမျိုး မျိုး တို့ကို တစ်လှည့်စီထပ်ရတာ ။ တူသွားသူ နိုင်သည်လောင်းကြေးကိုစား။

ခွင့်ပြုချက်မရဘဲ နံဘေးအိမ်မှအပျိုကြီး ညီအစ်မနှင့် အတူရုပ်ရှင်လိုက်ကြည့်တုန်းက အမေ တော် တော် စိတ်ဆိုးသည်။

ပြန်တွေ းကြည့်လျှင် နာစရာမရှိပါ။ အကဲပိုသော ၊ ဆက်စလူးနိုင်သော ကိုယ့်အပြစ်ကိုစားမြုံး ပြန်ပြီး ပြုံး ရတာ လောက်ပါပဲ။

“ကဲ....ဒါဖြင့် သရက်ပေါင်း”

ချင်ခြင်းတပ်သည်ဆိုသော စကားကို သတိရကာ ကျွန်မအားတက်သရော ဆက်ပြောရေ ရွတ်လိုက်သည်။

“ရှောက်သီးသုတ်၊ ရခိုင်မုန့်တီ”

အေးမနှင့် ပြန်လည်တွေ ့ချိန်သည် ယခု နှစ် ဆယ့်လေးနာရီကျော်ခဲ့ပါပြီ။ ပထမအကြိမ် အ ဖြစ် ယဲ့ယဲ့အပြုံး ကို ကျွန်မမြင်တွေ ့လိုက်ရသည်။

“ရခိုင်မုန့်တီ ဘယ်လိုဝယ်မလဲ”

စားချင်တာ ကြားရသော ကြောင့် အေးမ ပြုံး တာလား။ ကျွန်မတသီတတန်းကြီး စာရင်းတင် ပုံကို ပြုံး ချင်တာလား နှစ် ခုစလုံးပါဝင်မည် ထင်ပါသည်။

“ ချိုင့်ငှားပြီး သွားဝယ်မှာ ပေါ့၊ လမ်းဆုံမှာ ဆိုင်တွေ ့ခဲ့တယ်၊ ငါဝင်စားဦးမလို့ သိပ်နောက် ကျနေမှာ စိုးလို့ပေါ့”

“သွားဝယ်မနေပါနဲ့တော့၊ နင်ပင်ပန်းနေမယ်၊ တွေ ့ရတဲ့အချိန်ကလဲ နည်းနည်း ”

“နင်က တော် တော် အရစ်ရှည်တာပဲ မမအေးရာ၊ ငါပြန်လာရင်သာ မုန့်တီ

ဝအောင်စား၊ ပြီးတော့ စာရေး ရမယ်သိလား”

ကျွန်မက သူမထံမှ ထွက်ခွာခဲ့သည် ။

မမနန်း၏ ယောက် မကြီး ဒေါ်နန်းအိသည် နှစ် ချောင်းထိုးဖြင့် စီလွန်သိုးမွေး သုံးပင်ပူးထိုး နေသည် ။

“အဲဒါ အနွေးထည်လားအန်တီ”

ဆံပင်ကဲပြားပါးကို နောက်စေ့ ကွမ်းသီးလုံးသာထုံးဖွဲ့ထားသည် ။ မျက်ခုံးမရှိ၊ မျက်တောင်မွဲမွဲ၊ နှာတံပိပိ၊ မျက်ရစ်မပါသော မျက်လုံး မျက်နက်တွေ သည် မှေးမှေးစောင်းစောင်း တောက်ပစူးရှ ည် ။ မေးရိုးတွေ က ပြန့်ကား တင်းရင်းသည် ။

ပဒုမ္မာအဖြူစ ဖားဖားကြီးကို လက် တံတောင်ဆစ်အထက် ပင့်ခေါက်ထားပြီး ရှမ်းထဘီကို အစိမ်းတစ်ပိုင်း စပ်တပ်ဝတ်ဆင်ထားသည် ။

“မမနန်းက အနောက်တိုင်းကို အလည်လိုက်သွားမယ်တဲ့၊ အနွေးထည် ထိုးပေးနေတာ၊ သုံးပင်ပူးမှ ထူမယ်လေ၊ ဟိုမှာ သိပ်ဈေးကြီးတယ်”

ကျွန်မက နီညိုရောင် သိုးမွေးထည်ကို လက်နှင့် အသာတို့ထိကြည့်သည်။ မုန့်ကြိုး လိမ်လို အလိပ်ကြီးတွေ နွယ်ယှက်လျက် အဆင်လည်းဆန်း၊ လက်ရာလည်း ပိရိသေသပ်လှသည်။

“အေးမဟာ ဘာမှလဲ မစားပါလား၊ သိပ် အားနည်းသွားမယ်၊ ဆရာဝန်ပြကြည့်မလား”

“တစ်ရက်နှစ် ရက် စောင့်ကြည့်ဦးမယ်လေ၊ သူကလဲ အပြင်သိပ်ထွက်ချင်မှာ မဟုတ်ဘူး”

“နန်းပြန်သွားရင် သိပ်အားငယ်နေမှာ စိုးတယ်”

“ဘယ်တတ်နိုင်မလဲ၊ အန်တီပဲ သူအားကိုးပြီး နေရမှာ လဲ”

“သူ့ကို ငါဂရုစိုက်ပါတယ်၊ စိုင်းမရှိတော့ နန်းပဲငါချစ်စရာလူရှိတယ် ။ နန်းသူငယ်ချင်းကို ငါ ချစ်ရမယ်”

“ကျေးဇူးပါပဲ အန်တီရယ်”

မောင့်စီပွားရေး အတွက် ဇာတိရပ်မြေကိုစွန့်ခွာပြီး သည်နေရာမှာ ထီးတည်းလာနေသော ဒေါ်နန်းအိသည် မောင်ဆုံးပါးသွားပြန်သော အခါ ယောက် မကို စောင့်ရှောက်ပူးပေါင်းပြီး နေပြန်ပါ လေ၏ ။

“သမီး ဘာလိုသလဲ ပြောနော်”

“ချိုင့်ငှားချင်လို့အန်တီ။ မမအေးကို ရခိုင်မုန့်တီ ဝယ်ပေးမလို့”

“အေးအေး၊ ပူပူချဉ်ချဉ် စပ်စပ်နဲ့ စားချိမလားမသိဘူးနော်”

စားချိသည်ဆိုသော ရှမ်းစကား အသုံးအနှုန်းကို ကျွန်မသဘောကျမိနေသည်။

စတီးလ် သုံးဆင့်ချိုင့်ကလေးကို ဒေါ်နန်းအိက မီးဖိုထဲမှ သွားယူလာပေးသည် ။

“အန်တီကော စားမယ်မဟုတ်လား”

ဒေါ်နန်းအိ ခေါင်းခါယမ်း၏ ။

“ရှမ်းမဟာ ရခိုင်စာကို မကြိုက်ပါဘူးနော”

ကျွန်မရယ်မောရင်း အိမ်မှထွက်ထဲ့သည် ။

“တံခါးစေ့ ထားခဲ့သမီး၊ ငါရှိနေသားပဲ”

ဝင်းတံခါးကိုလည်း ပြန်စေ့ထားခဲ့သည်။

“ဟောတော် ”

ကျွန်မ သွားမည့် လမ်းဘက်မှ ကိုလွင် လျှောက်လာနေသည် ။

ဝင်းတံခါး လွန်ရုံကလေးမှာ ပင် သူနှင့် မျက်နှာချင်းဆိုင်ဆုံ၏ ။

"ကိုယ်လဲ အချိန်ဆွဲပြီး လာတာပဲဟ၊ သူငယ်ချင်း တစ်ယောက် နဲ့တွေ့လို့ စိမ်ပြေနပြေ စကားပြောနေသေးတာ"

"ကိုကိုလွင်က အချိန်ကိုက်ကို လာတော့တာပဲ"

"ထွေးငယ် အခုပြန်တာလား"

"ဟင့်အင်း... အေးမဖို့ မုန့်တီသွားဝယ်မလို့"

"ဩော...ဩော"

ကျွန်မ၏ အပြုအမူကို သူသိ ဖြစ်လည်း မတတ်နိုင်ပါ။

"သွားမယ်"

သူ့ကိုနှုတ်ဆက်ရင်း အိမ်ဘက်သို့ တစ်ချက်လှမ်းကြည့်မိ၏ ။

အေးမအိပ်သော အခန်း ပြတင်းပေါက်မှ ခန်းဆီးကလေးလှုပ်ခါသွားသည်ဟု ကျွန်မထင်မှတ်မိလေ၏ ။

■

မမနန်း လားရှိုးပြန်သွားသည်မှာ တစ်ပတ်ရှိ သွားပါပြီ။

"ထွေးငယ်ရေ၊ အေးမဆီက စာလာတယ်ဟေ့၊ သူဟိုမှာ အဆင်ပြေကြောင်း။ အလုပ်သင် နေရလို့ မအားမလပ်နဲ့ အိမ်တောင်သိပ်မလွမ်းအားကြောင်း၊ ဘာညာပေါ့ကွာ၊ သမီးဝမ်းသာသွား အောင် အဖေ ဖုန်းကောက်လှည့်ပြီးပြောတာ၊ ဖတ်မပြတော့ဘူး၊ အဖေအိမ်ပြန်ရောက်မှ ဖတ် တော့"

"ထွေးငယ်အတွက်စာတစ်စောင် သတ်သတ် မပါဘူးလား"

"ဟား....ဟား၊ အဖေနဲ့သမီး အတူတူပေါ့ကွာ"

ကျွန်မဆင်သော ဇာတ်ကွက်ထဲသို့ အဖေနောက်တစ်ထစ်နင်းဝင်ခဲ့ပြန်ပြီ။ သက်ပြင်းမှ တ်ထုတ်ရင်း တယ်လီဖုန်းကိုပစ်ချလိုက်မိလေ၏ ။

သည်နေ့ခင်းတစ်ရေး အိပ်ပြီးနောက် ပျင်းပျင်းရိရိထလာကာ မီးပူထိုးနေသည်။

အဖေ့အင်္ကျီတွေ ကို မီးပူထိုးရတာ ကျွန်မ စိတ်အပျက်ဆုံး၊ တိုက်ပုံလည်း အတူတူပဲပေါ့။

အဝတ်လျှော်ဖို့ အဘွားတာဝန်ယူထားသည်။ အဘိုးကအဝတ်လှန်း အဲ...ကျွန်မ၏ အတွင် းခံ အင်္ကျီတွေ ပါသွားလျှင်အဘိုးက မငြူစူသော် လည်း အဘွားက အဝီစီချိုး ကပ်မယ့် မိန်းမဟု သြဘာ ပေးလေ့ရှိ၏ ။

အဘွား၏ ပါးစပ်သေနတ်ကို လန့်သော ကြောင့် သုံးလေးရက် စုပြုံး ပုံထားသော ထဘီတွေ ကိုနေခင်းမအိပ်မီက လျှော်ဖွပ်နေလှန်းထားလိုက်ရသေးသည်။

အေးမသားရှိလျှင် သည်အဝတ်ပုံကိုကြီးကို ကျွန်မ မီးပူထိုးရမှာ မဟုတ်ဘူးဟု တွေ းရင်း မီးပူထိုးသော နေရာသို့ ပြန်လာသည်။ ထမင်းစားခန်းထောင့် ကွပ်ပျစ်တွင် အဝတ်ပုံက စောင့်ကြိုနေလေသည်။

"ဘယ်ကဖုန်းလဲ ထွေးငယ်"

ထင်သည့်အတိုင်း အဘွားက အိပ်ခန်းထဲမှ စိပ်ပုတီးတချောက်ချောက်နှင့် ထွက်လာသည်။

"အဖေပါ"

"ဘာတဲ့တုံး"

"အေးမဆီက စားလာတယ်တဲ့"

"ဘာတဲ့တုံး"

"မာကြောင်းသာကြောင်းပေါ့ အဘွာရာ၊ အိမ်ကလူတွေ ဝမ်းသာသွားအောင် ကြို

တင်အ ကြောင်းကြားထားတာပါ”

“အဲဒါကိုများ ညည်းကတစ်ဆစ်စီ ချေပြောနေသေးတယ် ထွေးငယ်ရယ်၊ အဖေ့ဆီအေး မဆီကစာရောက်နေပြီ၊ နေထိုင်ကောင်းတယ်၊ အဆင်ပြေတယ်တဲ့၊ ကဲ…အဲသလို တစ်ဆက်တည်း အပြည့်အစုံပြောပြလိုက်တော့ ကျုပ်ကညည်းကိုကဲ့ရဲ့ မှာ မို့လား”

“သိဘူးလေ”

“ဘာ”

ကျွန်မက ခေါင်းငုံ့ထားပြီး ပြုံး ဖြဲဖြဲအမူ အရာကို အဘွားမမြင်အောင် ကွယ်လျှိုးထားသည်။

“အေးမ တစ်ကောင်ကလဲ ရုံကိုများ စားထည့်ရသေးတယ်၊ အိမ်ထည့်လဲရသားနဲ့”

ဝင်းတံခါမှ လူခေါ်ခေါင်းလောင်းကလေးက ကလင်းကလင်းမြည် သည်။

“ကောင်မလေး တစ်ယောက် ဟော့၊ နီနီကြိုင်တော့ မဟုတ်ဘူး။ အကောင်ထွားတယ်၊မိမိ အောင် ဖြစ်မှာ ပဲ”

အဘွားက အနီကြည့်မျက်မှန်အပေါ်မှ ကျော်ပြီး မျှော်ကြည့်နေသည်။

ကျွန်မက စုစုဆောင့်ဆောင့်နှင့် မီးပူကို ထောင်ထားလိုက်သည်။

“မမအေးကို ပြန်မတွေ့ ခင်က ထွေးငယ် ဖြစ်သူဆီ အားကိုးတကြီး သတင်းမေးသွားလိုက်ရတာ ။ သူကရှိမနေဘဲနဲ့”

“ဟဲ့…သမီးရဲ့ ။ သူ့ဘာသာ အမျိုး တွေ ဆီ အလည်သွားတဲ့ဥစ္စာ”

“သူနဲ့များ မမအေး ပါသွားမလား ဟိုတွေး ဒီတွေး စိတ်ရှုပ်တာပေါ့ အဘွာရဲ့ ”

“ခုပါမှမသွားဘဲ၊ သိသွားပြီးမဟုတ်လား”

“အင်းပေါ့…ပါမှမသွားဘဲ၊ သိ သွားပါပြီ”

ပြောလိုက်ရင်ရွှဲ့တိရွှဲ့စောင်းနဲ့ အကြောကိုမာတယ် ဆိုသော အဘွား၏ မြည်တွန်းတောက် တီးသံကို ကျောပေးကာခြံတံခါးဖွင့်ဖို့ ထွက်ခဲ့ရသည်။

"မမမီ ဘယ်တုန်းကပြန်ရောက်လဲ၊ ထွေးငယ်တို့ဖို့ ဟာလဝါပါရဲ့ နော်"

အဘွား ကတော့ တတ်လည်းတတ်နိုင်ပေ့ မိထွေးငယ်ဟုနောက်ကျောဆီမှ မေးတငေါ့ငေါ့ ဖြစ်နေရော့မည် ။

"ပါတာပေါ့ထွေးငယ်ရဲ့ ၊ ဒီမနက်ပဲ ပုသိမ်အမြန်နဲ့ ပြန်ရောက်လာတာ၊ တစ်အောင့်နားပြီး တယ်ဆို ထွေးငယ်တို့ဆီပြေးလာတာပဲ"

သော့ဖွင့်နေဆဲမမမီသည် မျိုသိပ်မထားနိုင်ဘဲ…

"အေးမ တစ်ယောက် ဘယ်လို ဖြစ်တာလဲ ထွေးငယ်ရယ်"

ကျွန်မက နှစ် သိမ့်ပြုံး လေးနှင့် …

"အ ဖြစ် ကတော့ မနှစ် ကနဲ့မတူဘူးပေါ့ မမမိရေ။ မမရဲ့ သူငယ်ချင်းလုပ်လိုက်မှဖြင့် အရာရာ နဲ့ အကြောင်းကြောင်းပဲလေ၊ သိတယ်မဟုတ်လား"

"ဘာသတင်းမှ မရဘူးလား"

"မဟုတ်ဘူးလေ၊ သူ့ကိုပြန်တွေ့ ထားပြီ၊ မထိတ်သာမလန့်သာလုပ်ပုံများ "

သည်လိုမမမီရဲ့ အစချီကာ ကျွန်မ်ဆင်ထားသော ဇာတ်လမ်းပမာကို တစ်ချီတစ်မောင်း ပြန်ကျော့ရင်း သူမကို အိမ်ထဲခေါ်လာခဲ့သည်။

အဖေ့ မာတင်ရှုပ်လက်ရှည်ကို မီးပူတိုက်ရင်း အေးမအလုပ်ရသွားပုံ လန်ကြုပ် လုပ်ကြံ ဇာတ်လမ်းပမာကိုဖွဲ့နွဲ့ ပြောပြသည်။

"မမမီရဲ့ သူငယ်ချင်းက ထုံးစံအတိုင်း မအူမလည် မစဉ်းမစားလေ၊ သူက အကျိုး အ ကြောင်းသာရေး ခဲ့ပြီး မမနန်းလောင်ငင်းရဲ့ အမျိုး ရဲ့ အိမ်ကို ပို့ခိုင်းထားခဲ့သတဲ့…ကဲ"

အမျိုး ဟုပြောသော် လည်း ဒေါ်နန်းအိဟု ကျွန်မနာမည် မတပ်ပါ၊

ကျွန်မလိမ်ညာသည့်အထဲ မှာ ကြံဖော်ကြံဖက် မမနန်းလောင်ငင်းကို ဆွဲဝင်ရ တော့ ရောပေါ့နော်။ ပြီးတော့လည်း မတော် တဆ စော်ဘွားကြီးကုန်းအိမ်လိပ်စာ သိသွားရသွားမှာ စိုးရိမ်ရသေးသည်။

ကျွန်မ မီးပူထိုင်တိုက်နေသော ကွပ်ပျစ်ရှေ့တွင် မမီကထိုင်ခုံတစ်လုံးနှစ် ထိုင်ကာ ကျွန်မ အာပေါင်းအားရင့်သန်သန်ပြောပေးသမျှ မျက်တောင်မခတ် ငေးမောနားဆင်၏ ။

စကားတတ်စကတည်းက ကျွန်မသည် ထိုသို့သော လန်ကြု ပ်ဇာတ်လမ်းပုံပြင်ဆင်တတ်သည့်အလေ့စွဲခဲ့သည် ကလေးပြောသမျှ နားဝင်ချိုကာ လူကြီးတွေ က အားပေးအားမြှော က်ပြုရင်း ကျွန်မအကျင့်ပါလာခဲ့၏ ။

အစဉ်သဖြင့် မဟုတ်တမ်းတရမ်းချည်း ပြောနေသည်လည်းမဟုတ်ပါ။ မမှန်သော စကား ဖြစ် သော်ငြား တစ်ဖက်သားနားဝင်ချိုသာ ညင်းပျောင်းသည်။ ပြီးတော့ အကျိုး ရှိလျှင်ရှိရမည် ၊ အကျိုး မမဲ့စေရ။

သည့်စရိုက်ကြောင့် ကဲ့ရဲ့ ပြစ်တင်ခြင်း ချီးမွမ်းမြှင့်တင်ခြင်းတို့ကို မည် မည် ရရမကြုံး ခဲ့ရပါ။

အဘွားသမုတ်သော နာမည် တစ်ခုသာ တွင် နေသည်ဂျုလည်မတဲ့။

သို့သော် ဂျုလည်မတို့က အနူတော လူချောရတာ ပါ။ ရိုးသော အေးသော မိသားစုကြားမှာ သာလူလည်ကျတာပါ။

မယှဉ်သာအောင် ပရိယာယ် ကြွယ်ဝနေသော လူ့သဘော၊လူ့လောကကြီးနှင့် ရင်ဆိုင်တွေ့ လိုက်ရသော အခါမှာ တော့ ကျွန်မ မျက်ဖြူဆိုက်မတတ် တုန်လှုပ်ရတော့တာပေါ့။

“ထွေးငယ်ကိုမမမီတစ်ခုပြောမယ်နော်။ သချောလို့တော့မဟုတ်ဘူး၊ မသချောလို့လဲ ပြော ဖို့စဉ်းစားတာပါ၊ အေးပေါ့လေ...သချာလဲ အပြောရခက်သားကလား”

“ပြောလေမမိ၊ ပြောမှ ထွေးငယ်တို့သိရမှာ ပေါ့”

“ထွေငယ်တို့မသိနဲ့လေ၊ ထွေးငယ် တစ်ယောက် ပဲသိပေါ့၊ ဝမ်းထဲမှာ ပဲထားပါ”

“ဟုတ်ပြီး ဟုတ်ပါပြီး ပြောစရာရှိတာသာပြော”

ရှပ်အင်္ကျီ ကျောပြင်ကို အရင်တိုက်မှ ပြီးတော့ အိတ်ဘက်ခြမ်းကိုတိုက်၊ ကျောကတွန့်သွား ပြန်တိုက်။

“စမ်းမောင်မှန်ကိုသိလား”

“စမ်းမောင်မှန်”

ကျွန်မ ကြားဖူးနေကျမဟုတ်သော နာမည် တစ်ခု။ တစ်ခါကြားဖူးလျှင် မှတ်မိနိုင်သည့် ခပ် ဆန်းဆန်း နာမည် မျိုး ။

“ချာတိတ်က မမ မမနဲ့ အေးမကိုသိပ်ကပ်တာ”

ဒါပဲ အေးမ၏ လူ ဖြစ်ရလိမ့်မည် ။ လမ်းစပေါ်ပြီဟု ကျွန်မအားတက်မိပါ၏ ။

“ငယ်ငယ်လေးပေါ့”

“ဟုတ်တယ်..ငယ်တာပေါ့ ဆယ့်ရှစ်ဆယ့်ကိုး၊ ဒီလောက်ပဲရှိဦးမယ်၊ စွံလဲစွံတယ်”

“စမ်းမောင်မှန်က အေးမနဲ့ခင်သလား”

မမိသည် အတန်ငယ် မျက်ခမ်းစပ်သည်။ သူမကိုကြည့်လေမျက်တောင်ပိုခတ်လေ။ ရောဂါ မဟုတ်။ စိတ်ကြောင့် ဖြစ်တာဆရာဝန်တွေက ပြောသတဲ့။ ဘားကြောင့် ပဲ ဖြစ် ဖြစ် အသားမည် ပြီး ကျောက်ပေါက်မာကျဲကျဲရှိသော မမမိဟာ မျက်ခမ်းလည်း စပ်နေတာအမှန်ပင်။

“ခင်တယ်ပြောရမလားဘဲ ထွေးငယ်ရယ်၊ လူများ စိတ်ထဲကို အခြား တစ်ယောက်က ဝင် ကြည့်လို့ရတာ လဲမဟုတ်”

မမမိသည် တစ်ခုခုကိုသိပ်ပြောချင်နေပြီး ပြောရမှာ လည်းမဝံ့မရဲ

တွန့်ဆုတ်နေသည့်သ ဘော ရှိနေသည်။

မမီအနေခတ်အောင် ကျွန်မတမင်စိုက်ကြည့်နေတာမဟုတ်ရပါ။

သူမပြောမည့် စကားကို ကျွန်မမှာ စိတ်ဝင်တစားသိချင်လွန်းလှသော ကြောင့် မျက်တောင် ခပ်ဖိုဖိုင် မေ့လျှော့လျက်မမမိ မျက်နှာချင်း အပ်လုအပ်ခင် ခါးရှေ့ကိုင်း သွားမိနေသည်။

ကျွန်မမျက်တောင် မခတ်လေ မမမိ မျက်တောင်ခတ်လေ။

ဟာ...ဟ၊ ရယ်စရာပါပဲလား။

“အေးမတို့ ညီအစ်မနှစ် ယောက် တည်းရှိတာ အစစအရာရာ တိုင်တိုင်ပင်ပင် ရှိမှာ ပဲလို့ မမိ ထင်နေတာ”

“ဟင့်အင်း၊ ထွေးငယ်တို့က ရထားသံလမ်းနှစ် ခုလိုအပြိုင်ပြေးပြီး နီးလျက်နဲ့ဝေးတယ်၊ သူ့ဆီက ထွေးငယ် ဘာမှမသိရဘူး”

ကျွန်မထံမှလည်း အေးမ ဘာမှ မသိရသော ကြောင့် ကိုတော့ထည့်သွင်း အစီရင်ခံမနေ တော့။ မလိုပါဘူးနော။

“မမမိက ဘာပြောချင်တာလဲဟင်၊ စမ်းမောင်မှန်နဲ့အေးမကြိုက်နေကြတယ် ထင်လို့လား”

ဒါကို အဆုံးစွန်ထားပြီး နှုတ်ရဲလျှာရဲ မေးခွန်း ထုတ်ပစ်လိုက်တာပါ။

မမမိ တရစပ် မျက်တောင်ခတ်ပြီးလေမှ...

“အပေါင်းအသင်းတွေ အားလုံးသိကြပါတယ်”

ကျွန်မအလဲထိုး ခံသွားရပြန်ပါပြီ။

တော် တော် နှင့် နာလန်မထူဘဲ ဆန့်ငင်ဆန့်ငင် အသက်ရှူမဝ ဖြစ်နေ၏ ။

မမိကား စိတ်လှုပ်ရှား ရိုက်ခတ်မှု နှုန်း လျော့ကျသွားလေဘိသကဲ့သို့

ယခုအခါမှပင် မျက်တောင်ပုံမှန်ခတ်နိုင်တော့သည်။

"အဲဒီ တော့..."

"အေးမ လူပျောက်ကြော်ငြာတွေ့တော့ မမမိက ပုသိမ်ရောက်နေတာ၊ အစ်မရှိတယ်လေ၊ မမမိ တထစ်ချတွက်တာကအေးမတော့ စမ်းမောင်မှန်ကလေးနဲ့ ခိုးပြေးပြီပေါ့"

ကျွန်မကြောင်တောင်စိုက်ငေးနေဆဲ။

"မနက်က ပြန်ရောက်လာတော့ ဖေဖေတို့က ထွေးငယ်တို့သားအဖ သတင်းလာမေးတယ် လို့ပြောတယ်။ မမမိ ပိုသေချာသွားပြန်ရော"

ကျွန်မလည်းပျောက်ဆုံးနေသော ကွင်းဆက်ကို တုန်တုန်ခိုက်ခိုက် ကောက်ယူပြီ ဆက်စပ် ကြည့်ဖို့ ကြိုး စားနေရပါသည်။

"မမိတို့ သေချာနေခဲ့တာက သတင်းစာထဲက ကြော်ငြာပါတဲ့နေ့က စမ်းမောင်မှန်းရောက် လာသေးတယ်လို့ မေမေကပြောတယ်၊ နာမည် ပြောမသွားဘူးတဲ့၊ ဒါပေမယ့် ဖြူဖြူချောချော ဆံ ပင်ကောက်ဖွာဖွာကလေးနဲ့ နေကာမျက်မှန်းကလဲ အနက်ရောင် ကလေး၊ ကြိုး သိုင်းတပ်လို့တဲ့၊ အဲဒါ..စမ်းမောင်မှန်ပဲ၊ တွမ်ခရုစ်ပုံစံလေးပေါ့ ထွေးငယ်ရယ်"

"သူက...သူက ဘာလို့မမမိတို့အိမ် ရောက်လာတာလဲ"

ကျွန်မသိချင်နေသော သကောင့်သားဟာ စမ်းမောင်မှန် ဖြစ်ဖို့ သေချာသလောက်ရှိနေပါပြီ။ တွမ့်ခရုစ် ပုံစံကလေးဆိုကတည်းက မမအေး ကျလောက်နေပြီ။ မမအေးက ပုစွန်ဦးနှောက်သမား ပဲလေ။

ကျွန်မတွေ းမရတာ က ဘာကြောင့် မမအေးမပေါင်းချင်ရတာ လဲ။

"မမိအထင်က အေးမ ပျောက်နေတာကို အေးမအိမ်ကဘယ်လိုလှုပ်ရှားတုံ့ပြန်နေသလဲဆို တာ သတင်းထောက်လှန်းဖို့ စမ်းမောင်မှန်လာတာ ဖြစ်မှာ ပဲပေါ့"

ကျွန်မခေါင်းခါသည်။ မမအေးပျောက်နေကြောင်း စမ်းမောင်မှန်မှ မသိတာဘဲ။

တစ်ဖန် ကျွန်မခေါင်းညိတ်သည်။ ဟုတ်ချင်ဟုတ်မှာ ။ သူတို့နှစ် ယောက် တစ်ခုခု အပေး အယူ အချိတ်အဆက် ရှိနေနိုင်သည်။ မမအေးစိတ်ပြေပြီးလုပ်သင့်လုပ်ထိုက်တာတွေ အကောင် အထည်ဖော်ဖို့ စမ်းမောင်မှန်နှင့် ညှိနှိုင်းကြပြီလား။

"ထွေးငယ်နဲ့လဲတွေ ့ရော အေးမ အလုပ်သွားလုပ်နေတာဆိုတာ ကြားလိုက်ရတော့ မမိ ခေါင်းတွေ ချာလည်လည်ကုန်ပါရော၊ တကယ့်တကယ် ဟာလဝါ မွှေသလိုပါပဲဟယ်"

အဘွားသာရောက်မလာလျှင် အဖေ အင်္ကျီကျောပြင် မီးကျွမ်းပြီး မီးပူရာ အတိုင်း ကွင်း ပေါက်သွားရုံနှင့် မပြီးဘဲအောက်ခံခင်းဖြန့်ထားသော စာပွဲခင်းနှင့် အိပ်ရာခင်းခေါက်တွေ ပါ အဆစ်ပါ ဦးမှာ သေချာသည်။ ခုတောင်စားပွဲခင်းညိုမြည် း သွားပါ၏ ။

"ဘုရားရေ..အဲဒီ အင်္ကျီလက်ဆောင်ရတာ တစ်ပတ်မှမရှိသေးဘူး ထွေးငယ်ရယ်၊ ဝယ်ရ ရင်ထောင့်နှစ် ရာ ပြေးမလွတ်ဘူး လုပ်လိုက်ပါပေရဲ့ ကျေးဇူးရှင်ရယ်"

သမက်ကြီးဦးထွန်းဆောင်၏ ရှပ်အင်္ကျီ ကျပ်ချွတ်ကိုတဖြန့်ဖြန့် တလှွားလှွားနှင့် ဆောက် တည်ရာမရ အဘွားအ ဖြစ်သည်းနေသည်။

ဒါအရေး မကြီးပါဘူး အဘွားရဲ့ ၊ တခြားဝတ်စရာတွေ ရှိသားဟာကို၊ဒီမှာ အေးမပြဿ နာ ဘယ်လောက်ဦးနှောက်စားရတယ် မှတ်သလဲ၊ ဟွန်း။

အသံမထွက်ဘဲ မျက်လုံးစွေကာ ရန်ထောင်မိသည်။

ကျွန်မကပြန်မပြောနားမထောင်နှင့် မမိထံမှာ ပဲ အာရုံစူးစိုက်နေလိုက်၏ ။

"အေးမ အလုပ်ဝင်သွားတော့ အိမ်မှာ မြေးအဘွားနှစ် ယောက် မနိုင်မနင်း ဖြစ်ကုန် တာပေါ့ သမီးရေ"

ညှော်သည်အား နာသော ကြောင့် အဘွားညှိမှုနှင့် ဆူပွတ်ခြင်း တစ်စခန်း သိမ်းသွားတော့ သည်။

"မီးပူပလပ်ဖြုတ်အအေးခံပြီးကပ်နေတဲ့ မီးကျွမ်းစတွေ တိုက်ချွတ်ပစ်ဦး"

မမမိအတွက် အအေးတစ်ခွက် သွားယူခြင်းဖြင့် အဘွားဧည့်ဝတ်ကျေဖို့သတိရနေခိုက် ကျွန်မမှာ လည်း မီးပူကပ်သော ပြဿနာကို ရေချိုးခန်းသို့ အပြေးအလွှား သွားရောက်ဖြေရှင်းနေရ သည်။

စမ်းမောင်မှန်။

မမမိ ရောက်လာသော ကြောင့် အေးမ၏ လေဥ ပြဿနာသဲလွန်စရရှိပါပြီ။

ဘာကြောင့် အဆင်မချောကြတာလဲ။

စမ်းမောင်မှန်က ငြင်းဆိုသလား။

အရေး ကြီးတော့ သွေးစည်းရမည် ။

အေးမလို လူကုံထံ အမျိုး သမီး တစ်ယောက် ကို သင်းကငြင်းဆိုလျှင် ရာဇဝင်ရိုင်ရာကျ သွားမှာ ပေါ့။

သင်းက ဘယ်သူမို့လဲ။ ဘာမို့လို့လဲ။

အင်း...စမ်းမောင်မှန် ဘယ်သူလဲ၊ ဘာလဲဆိုတာ ကျွန်မမပုတ်ခတ်။ နာကြည်းလောက် သော ဘာတစ်စွန်းတစ်စမျှမသိရသေးပါလား။

မမမိအပြန် ဘတ်စကားဂိတ်သို့ လိုက်ပို့ရင်း အဘွားကိုမျက်ခြည်ဖြတ်ခဲ့ရသည်။

"စမ်းမောင်မှန်အကြောင်းတွေ အဘွားတို့ရှေ့ မပြောနဲ့နော်မမိ၊ မပြောဘူးဆိုတာ သိပါ တယ်၊ ထွေးငယ်စိတ်ပူလို"

"မမိ အဲဒီ လောက်မိုက်ပါ့မလား ထွေးငယ်ရယ်"

"ဆော်ရီနော်မမိ၊ မပြောမှန်း မသိလို့ မဟုတ်ပါဘူး၊ မပြောဘူးဆိုတဲ့စကားကိုထွေးငယ်နား နဲ့ဆတ်ဆတ် ကြားချင်တာ"

သင်္ဂဟလမ်းသွယ်အတိုင်း လျှောက်ထွက်လာကြခိုက်...

"ချာတိတ်က ဘယ်သူ့သားလဲမမ"

"ကုန်သည်တွေ ပါပဲ၊ အထိုက်အလျောက် ချောင်လည်မှာ ပေါ့၊ တစ်ဦးတည်းသော သားဆို တော့ ပုံအောပြီး ပညာပေးတဲ့ သဘောပါပဲ"

"အေမက ကြိုက်လောက်အောင် ဘာတွေ များ ထူးခြားနေသလဲလို့ပါ"

"မဟုတ်ပါဘူး၊ ဘာမှမဟုတ်ပါဘူး၊မိဘအရေး ပေးထားလို့ဂိုက်ဆိုက် ကျတာရယ်၊ ပင်ကို ရုပ်ရည်ကလေးကလဲ ရှိတယ်လေ"

ဒါနဲ့များ သင်းက မမအေးကိုငြင်းရမှာ လား။

နေပါဦး...နေပါဦး။

သမာရိုးကျ ထုံးတမ်းစဉ်လာရှိသည်နှင့် အညီ ယောက်ျားလေးကသာ မိန်းမလေးကို ကျောရ ရုံကြံပြီး ပစ်ခွာငြင်းဆိုရမည် ဟု ကျွန်မ တွက်နေမိသည်။

ကျွန်မ၏ လျှို့ဝှက်သိပ်သည်းသော အချောအလှ မမအေးမြလုကကော စမ်းမောင်မှန်ကို မ ငြင်းဆန်းနိုင်တာမို့ လား။

မမအေးကငြင်းဆန်သူ ဖြစ်မနေနိုင်ဘူးလားဟင်။

မမိ၏ ဦးနှောက်တွေ ဟာလဝါဒယ်ထဲမှာ အနှဲခံနေရသည်ဆိုပါလျှင် ကျွန်မ၏ ဦးနှောက်တွေ မှာ ဖြင့် နမ်းမနဲဒယ်ထဲမှာ ယောင်းမ နှစ် ချောင်းအကြား စိစိညက်ညက် ကျေကုန်ပါရောလားနော်။

■

သမင်မျက်လုံးတွေ သည် အိမ်ရှေ့ လမ်းမဆီသို့ လစ်ဟမွတ်သိပ်စွာ စိုက်ငေးနေရာမှ ကျွန် မထံ ရွှေ့လျှားလာသည်။

"မိ ပြန်ရောက်လာပြီကိုး၊ ငါ့အကြောင်း ပြောပြလိုက်သေးသလား"

"သူသိတာတွေ သူကပြောပြမှာ ပေါ့၊ ငါ ကတော့ မပြောပါဘူး၊ ငါ အဲဒီ လောက် အာမ ချောင်ပါဘူး"

ကျွန်မက သယ်လာသော လက်ဆွဲအိတ်အတွင်း း အဝတ်အစားတွေ ကို ခုတင်ပေါ် ပုံချပေး သည် ။

မမအေး၏ ဗီရိုထဲမှာ ပြည့်သိပ်နေမြဲ။ အဝတ်အထည်တွေ မှ လေးငါးဆယ်စုံလျော့ပါးသွားရုံ နှင့်အဘွားတို့ သင်္ကာမကင်းမ ဖြစ်နိုင်ပါ။ ပြီးတော့လည်း မမအေး၏ ဗီရိုသော့ ကို ကျွန်မပဲ ကိုင်ထား တာလေ ။

"သူပြောတာပဲ ငါနားထောင်တာ၊ သူ့ဆီကကြားမှပဲ နင့်ယောကျ်ားလေးအဆက်အသွယ် ကို ငါသိရတော့တယ်"

မမအေးသည် ပြတင်းကိုကျောပေးလိုက် ပြီး နံရံကပ်မှီလျက် နှုတ်ဆိတ်ငြိမ်သက်နေသည် ။

သတိထားသည့်ကြားမှ ကျွန်မ၏ မျက်လုံးတွေ က မမအေး၏ ဝမ်းကြားတိုက်ဆီ ရွှေ့လျှား သွားသေးသဖြင့် ကပျာကသီ လွှဲဖယ်ပစ်လိုက်ရသည်။

မတွေ့မကြုံဖူးသော အကြည့်မှာ မမအေး၏ ဝမ်းဗိုက် ချပ်ရပ်ပိပြားဆဲ ဖြစ်ကြောင်း သေချာ မြင်တွေ့လိုက်သည်။ ဟုတ်မှဟုတ်ရဲ့ လား ။ ဟုတ်တော့ ဟုတ်မှာ ပါလေ။ ဒေါ်နန်းအိအပြောအရ ပထမကိုယ်ဝန်ဟာ လေးလလောက်ရမှ ဖောင်းကြွသိသာလာတတ်သည် ဆိုလား။ ဒေါ်နန်းအိ ကိုယ်တိုင်က အပျိုကြီး။

မမနန်းလောင်ငင်းကလည်း ကိုယ်ဝန်မဆောင်ရခင် ယောကျ်ားကွယ်လွန် သွားတာ။ သည့်ဝန်းကျင်မှာ သည်အတွေ့အကြုံဗဟုသုတမျိုး နည်းပါးနေကြတော့ အမှန်ပင်။

“မိက ဘာပြောသလဲ”

“စမ်းမောင်မှန်အကြောင်း ပြောတာပေါ့ဟယ်”

မမအေး၏ ဖြူရော်ရော်နှုတ်ခမ်းကလေး ဖွေးခနဲ သွေးဆုတ်သွားသည်။

ရစ်ဝဲစိမ့်အိုင်လာသော မျက်လုံးတွေ ကို မျက်လွှာချကာ ဖုံးကွယ်၏ ။

“ငါသိချင်တာက...”မမအေး၏ သွယ်ပျောင်းသော လက်ချောင်းကလေးများ သည် နံ့ရံကိုထိ ကပ်ကာ ဆုပ်ကိုင်အားပြုစရာ အမှီအတွယ်ကို အချည်းနှီး ရှာဖွေ၏ ။

ကျွန်မသည် ခြေထောက်ချိတ်ထိုင်ကာ ခါးကိုမတ်မတ်ထားပြီး မမအေးရှေ့မှောက်မှာ တတ် အားသရွေ့ ခံ့ညားတည်ငြိမ် ဖမ်းထားသည် ။

“ငါသိချင်တာက...”

နစ်ကြိမ်တိုင်တိုင် ထပ်မံရွတ်ဆိုရသည့်အတွက် ကျွန်မကိုယ်ကျွန်မ အားမရလှ ။

“စမ်းမောင်မှန်နဲ့ နင်ဘာလို့ လူသိရှင်ကြား လက်မထပ်လိုက်ကြတာလဲ”

ဒါတော့ မဆိုးလှဘူးဟု ကိုယ့်ကိုယ်ကို အမှတ်ပေးရင်း
နှုတ်ခမ်းသွေ့ခြောက်သည်ကို လျှာ နှင့် သိမ်းသည်။

“ငါမှမယူနိုင်ဘဲ”

“ဟော”

ကျွန်မ ကြိုတင်တွက်ဆမိသလိုပါပဲလား ။

မယူနိုင်သူ ကတော့ မအေးမြလှ ဖြစ်မနေပေးဘူးလား ။

အဘွားသာသိလျှင် ရင်ဘက်စည်တီးပြီး ဘူးတောင်းနစ်လို့

စောင်းခြမ်းပေါ်တဲ့ခေတ်ပါပဲဟု ညည်းတွားမှာ အမှန်ပင်။

“ထွေးငယ် စဉ်းစားကြည့်၊ ငါ့ထက်ငယ်တယ်၊ လူတွေ က ငါ့ပဲအပြစ်တင်ကြမှာ ပဲ၊ သူက ပွေ လဲပွေတယ်၊ ငါ့အရင် တစ်ယောက် မကဘူး၊ ငါနဲ့တစ်ပြိုင်တည်းလဲ ရှိချင်ရှိနေမှာ၊ ရှိကိုရှိပါတယ် လေ”

“ဒါတော့...”

စကားလုံးတွေ ကို တံတွေ းနှင့်တူ မျို ချပစ်သည်။ အစကတည်းက မစဉ်းစားဘူးလား မေး တော့ကော မစဉ်းစားခဲ့သော ကြောင့် ပြဿ နာပေါ်နေပြီကို၊ ခုမှ ဘာကြောင့် အစဖော်နေတော့မှာ လဲ ။

“ပြီးတော့ ဦးတင်ဆွေရှိသေးတယ်”

“ဟောတော့ ”

ဦးတင်ဆွေ ဆိုပါကလား ။

“ဦးတင်ဆွေနဲ့ လူသိရှင်ကြား စေ့စပ်ကြောင်းလမ်းထားပြီးမှ တခြား တစ်ယောက် နဲ့ယူလိုက် ရင် အဖေတို့၊ အဘွားတို့ မျက်နှာ ဘယ်လိုထားကြမလဲ”

အံမယ်... အံမယ်။ သူကပဲလာချေသေးတယ်။

ကျွန်မ သိပ်ပြောတတ်တာပေါ့။ ပြောပစ်ရလျှင် အေးမ ဟီးချို သွားလောက်အောင် နာကျင် သွားမည် ။ အဲသည်အထိ ကျွန်မ မရက်စက်လို့ပါ။

မျက်နှာမော့လာသော အခါ ပါးပြင် ညက်ညက်ပေါ်သို့ မျက်ရည်ကြောင်းနှစ် သွယ် အပြိုင် လိမ့်ဆင်းလာကြချေသည်။

ပြတင်းမှတိုးဝင်နေသော နံနက်ခင်းနေခြည်ဟပ်ပြီး အေးမဝတ်ဆင်ထားသည့် ကြက်ဥနှစ် ရောင် မာဇာဘလောက်စ် ဖားဖားကလေးသည် အသားရောင် ကို ပိုပြီး ဝင်းဖန့်နေစေလေသည်။

သည့်လိုဘလောက်စ်မျိုး တွေ ဆိုလျှင် ကိုယ်ဝန်လေးငါးလအထိ အေးမ အသာလေးဖုံးဖိ ထားနိုင်မှာ ပင်။

"စမ်းမောင်မှန်ကို ငါကပဲ အလျှော့ပေး အလိုလိုက်နေရမှာ ရှိသေးတယ်၊ ကလေးမှန့်ပေး ကြိုက်တယ်ပဲ ပြောကြမှာ ပေါ့"

"ဒါတော့ဟယ်၊ ဦးတင်ဆွေဆိုရင်တော့ လူကြီးပီပီ ရှေ့ဆောင်မှာ ပေါ့"

"ဟုတ်တယ်၊ သူ့ကိုတော့ ငါက အားကိုးရမယ်"

"အဲဒါဆိုရင်လဲ အေးမရယ် ဘာလို့ ဒီအထိ ဖြစ်ရတာ တုံး"

သည့်တစ်ခွန်းကိုတော့ မျိုချမရဘဲ လွတ်ထွက်သွားခဲ့သည်။

"သူ့ကို ငါ ချစ်မိတာကိုး၊ ပြီးတော့လဲ ဒီအထိ ဖြစ်မယ် မထင်လို့ပေါ့ ထွေးငယ်ရယ်"

ဦးတင်ဆွေလို လူငယ်လက်ထောက်မန်နေဂျာ တစ်ယောက် ကို အလားအလာရှိသည်ဟု သ မီးရှင်တွေ တန်ဖိုးထားရုံဘယ်ကပါ့မလဲ။ သမီးအပျိုတွေ ကလည်း စိတ်ဝင်တစား ရှိကြမည် ပင်။ သည်တော့ အေးမလည်း စိတ်ဝင်တစား ရှိပေတာပေါ့။ ဒါနဲ့များ အေးမရယ်၊ ပေါ့တီးပေါ့ဆ ဆတ် ဆော့ ပွေလီရတယ်တဲ့လား။

အေးမက ကျွန်မယူလာသော အဝတ်အစားတွေ ကို မူလရောက်နှင့် ပြီးသား သားရေအိတ် တွင် စီထည့်နေသည်။

တစ်ယောက် တည်း ကျိတ်တွေ းရတာ ကိုပင် ကျွန်မ ရက်သယောင်ရှိသည်။

ဦးတင်ဆွေဆိုသော အမည် ကို စတင်ကြားဖူးစဉ်တုန်းက ကျွန်မရင်ခုန်ခဲ့ဖူးသည်ဟု ဝန်ခံရ မှာ ကျွန်မ ရက်မိပါသည်။

အဖေက အဘွားကို ဖွင့်ဟတိုင်ပင်စဉ်တုန်းက ကပ်လျက်စာကြည့်ခန်းတွင် ဖတ်စရာစာ အုပ် ရွေးချယ်နေသော ကျွန်မ ရှိနေသည်။

မင်းရဲ့ သမီးနှစ် ယောက် ထဲက ဘယ် တစ်ယောက် ဖြစ် ဖြစ် ငါက ချွေးမတော်ရမှ ဖြစ်မယ်လို့ အတင်းအဓမ္မ သမီးတောင်းနေတာ မေမေရဲ့ ။

နက်ဖြန် သူ့သားကို အလည်ခေါ်လာလိမ့်မည် ဟု အဖေက အဘွားကိုပြောပြနေသည်။

အင်း…အဲဒါဆိုရင် ဦးတင်ဆွေဆိုသူ ကတော့ အေးမကိုပဲ လက်ညှိုး ထိုးမှာ ပဲဟု ကျွန်မတွေ း မိခဲ့သည်မှာ မနာလိုသော သဘော ပါဝင်နေသည်ဟု ဆိုလာပါက ကျွန်မ အငြင်းခက်မှာ ပါ။ မမအေး လို မချောမလှလေဘူးဟု ကျွန်မ အားနည်းသိမ်ငယ်တတ်သည်လေ။ သည်တစ်ခါ ရှင်းရှင်းပြတ် ပြတ်အယှဉ်ခံရတော့မှာ မဟုတ်လား။

ဦးတင်ဆွေဆိုသော အရာရှိမှာ ချောမောသည်ဟု မဆိုနိုင်ပါ ။ အသားညိုညို၊ မျက်လုံးမျက် ဖန်ကောင်းကောင်း၊ နှုတ်ခမ်းတင်းတင်းစေ့လျက် မေးရိုးခိုင်းခိုင်း။ အရပ်မနိမ့်မမြင့် အရာရှိဂိုက် ဆိုက် အပြည့်ရှိသည်။

အေးမ သဘောကို အစ်မ တီးခေါက်ကြည့်မယ်။ ဆယ်တန်းမအောင်နိုင်တဲ့ အတူတူ ခုလို မျိုး ရိုးကောင်းကောင်း။ အားကိုးလောက်တဲ့ သူနဲ့ ဆို စိတ်အေးရတာ ပေ့ါဟု အဘွားကစီစဉ်သည်။

ခေတ်ကာလ ပြောင်းနေတော့ တော် ကြာ မောင်တင်ဆွေက ဘွဲ့ရပညာတတ် ဇနီးများ စဉ်းစားနေမလား အမေဟု အဖေက ကြောင့်ကြ သော် လည်း ညစာခက်ချက်ခက်၊ လှတာမက်တဲ့ အစဉ်အလာ ကတော့ ဘယ်တော့မှ ပျက်မှာ ကိုမဟုတ်ဘူး သားရေဟု အဘွားက အခိုင်အမာ အ ဖြေပေးသည် ။

ဟုတ်မှာ ပဲလေဟု ကျွန်မလဲ အဘွား၏ အယူအဆကို လက်ခံရမလို ဖြစ်ခဲ့ရသည်မှာ ဦးတင် ဆွေတို့မိသားစု အလည်လာသော နေ့မှ စလေသည်။

ဦးတင်ဆွေ၏ အေးအေး တည်ကြည်သော ဣန္ဒြေသိက္ခာခံတပ်ကြီးသည် အေးမ၏ လက် နက်အင်အားတွင် လှုပ်ခါယိမ်းယိုင်ခဲ့ရသည် ။

အေးမ၏ အိမ် အပြင်အဆင်၊ အထားအသိုကို သွယ်ဝိုက်ချီးမွမ်းသည်။ တယ်လီဖုန်းတို့၊ တီ ဗွီတို့၊ အောက်စက်တို့အတွက် အိမ်က ဇာပဝါလွှမ်းတာထက် သည်ကို တက်တင်းထည်ကလေး ကလေးတွေ ဖုံးထားတာ ပိုပြီး ကျက်သရေရှိသလားလို့တဲ့ ။

သူ့မိခင်က အလိုက်သိစွာ ပင် ဒါဆိုရင်တော့ အေးမကိုပဲ နားပူရတော့မှာ ပဲ။ သမီးအစ်ကိုက တော့ သမီးလက်ရာကို ခါတ်ကျနေပြီဟု ဘေးတီးပေးသည်။

ထမင်းဆိုင်ဖွင့်ဖို့များ လေ့ကျင့်ထားသလားလို့မျာဆိုတာက တစ်မျိုး ။

အေးမက မလေးနွယ် မရှိကတည်းက မီးဖိုချောင် ဦးစီးလာတာဟူသော အဖေ့အရိုးခံ စ ကားကလည်း သမီးချောအတွက် အမှတ်တွေ ပါပဲ။

နောက်တော့ လာပြီးမြန်းကြ၊ စေ့စပ်ကြောင်းလမ်းကြ။ ရွှေနှင့်မြ နေနှင့် လ။

“စမ်းမောင်မှန်က ပျော်စရာ ကောင်းတယ်၊ ဦးတင်ဆွေ ကတော့ ဧည့်ခန်းထဲမှာ ထိုင်ပြီး ပြောတဲ့စကားတွေ က မြေဝယ်မှာ တို့၊ အိမ်ဆောက်မှာ တို့၊ အစုစပ် ဘယ်နှစ် ရှယ်ယာ ဝင်ထားမှာ တို့ သူ့အလုပ်၊ သူ့ တက်လမ်း.....”

“အဲဒါတွေ ကို နင်မက်လို့ သူ့ကိုလက်ထပ်ဖို့ သဘောတူခဲ့တာ မဟုတ်ဘူးလား”

“ဒါပေမယ့် ငါမှမချစ်ဘဲ”

“အခု စိတ်ကူးယဉ်လိုက်တော့ကော”

အေးမသည် ခေါင်းကလေးမော်ပြီး ခပ်တင်းတင်းပြောနေရာမှ မျက်နှာအပျက်ပျက်နှင့် ချက် ချင်း ငုံ့လျှိုးသွားတော့သည်။

“စမ်းမောင်မှန်နဲ့ စကားပြောရတာ ငါပျော်တယ်၊ အတူအအေးသောက်ရင်း ရှုခင်းကလေး ကို ငေးကြည့်နေချင်တယ်၊ သီချင်းအတူနားထောင်၊ ကဗျာအကြောင်းဆွေးနွေး၊ ဒါပေမယ့် သူက လဲ ဒီလိုမဟုတ်ဘူး၊ ယောကျ်ားတွေ ဟာ မကောင်းဘူး”

“နင် လိုက်လျှောလွန်းပါတယ်”

“တခြားလူတွေ က သူ့လိုအတင့်မရဲဘူး၊ သူလိုမတောင်းဘူး”

“တခြား လူတွေ နဲ့ ကော နင် အဲဒီ လိုပုံစံနဲ့ တွဲ ဖူးတယ်ပေါ့လေ”

မမအေးမျက်နှာ နီရဲသွားသည်။

“ငါ တစ်ခါမှ ဘယ်သူနဲ့မှမတွဲ ဘူး ထွေးငယ်”

“မတွဲ ဘူးဟုတ်လား၊ ရည်းစားပဲထားတယ်”

“မဟုတ်ဘူး”

“ဟုတ်မှာ ပါ”

မမအေး ငိုတော့မည် ။

“ရက်စက်လိုက်တာ ထွေးငယ်ရယ်၊ နင်ပြောရက်လိုက်တာ”

ကျွန်မ အတော် စိတ်ညစ်သည်။ ကျွန်မ ပြောတာတွေ မှာ းသွားလို့လား ။

မမအေးသည် အပျိုပေါက်အရွယ်ကတည်းက မျက်လုံးနှင့် စကားပြောတတ်သည်။ အပြုံး နှင့် အဖြေပေးတတ်သည်။ မိဘကို မလွန်ဆန်သာ၍ သာရောင်ခွာပြေးရဟန်လည်း ပြုတတ်သည်။ လက်ဆုပ်လက်ကိုင်ပြပြီး မစွပ်စွဲသာအောင် မမအေး မာယာကြွယ်ခဲ့လေသည်။ သူမ၏ အလှအား ကိုးနှင့် အနိုင်ယူဟန်ရေး ပြခြင်းဖြစ်မည် ထင်ပါသည်။

ခုတော့ အထိကြီး ထိနေပြီ။

မမအေးထံမှ ရှိုက်သံ ထွက်လာပါပြီ ။

မ ဖြစ်သေး။ သည်အချိန်မှ ကျွန်မက လက်ညှိုး ထိုးရှုတ်ချရတော့မလား။

“ရှူး...တိုးတိုး၊ အန်တီကြားသွားဦးမယ်၊ ငါကစိတ်တိုလို့ ပြောမိတာများ ၊ နင် အရေး တယူ လုပ်မနေစမ်းနဲ့”

ကျွန်မပရိယာယ်ဆင်ကာ အေးမကို အန်တီဒေါ်နန်းအိနှင့် လှည့်ခြောက်လိုက်ရပါသည်။

ခဏတစ်ဖြုတ်တော့ ညီအစ်မတစ်တွေ ငြူစူငြိမ်သက်နေကြသည်။

အေးမက နာဘက် ရောက်နေသူပါလေ။ ဒါကို ကျွန်မ အထက်စီးကြောမှ ဆက်ဆံလျှင် ကျွန်မသာ ရှက်ဖွယ်လိလိရှိနေတော့မှာ ပေါ့ ။

"ပဒေသာစတိုးမှာ ဆုကေ့စ် အလတ်စားတစ်ခုတွေ ့ထားတယ်၊ နင့်အတွက် ငါဝယ်လာမ လို့ဘဲ၊ ငွေနည်းနည်း လိုနေသေးတာနဲ့"

အေးမထံမှ အဖြေမရ ။

သားရေသေတ္တာ ဈေးနှုန်းက သုံးထောင်ကျပ် ဖြစ်သည်။ လားရှိုးမှ အေးမ အမှာ ပြပြီး အဖေ့ ထံမှ ငွေတောင်းဖို့အခွင့်အခါ ချောင်းနေရသေးသည် ။

"တစ်ခေါက် လောက်တော့ လားရှိုးကနေ ဆက်ဟန်ဆောင်ပြီး အဖေ့ဆီဖုန်းဆက်ပါလား မမအေး"

အေးမက မျက်ထောင့်နီနီနှင့် စောင်းကြည့်ပြီး....

"နန်းကိုမေးပြီးပြီ၊ လားရှိုးမှာ တိုက်ရိုက်ဖုန်း မရှိဘူး၊ အော်ပရေတာ က ကြားထဲမှာ ရှိနေမှာ "

စကားပြန်ရပြီးမို့ ဒါဟာ ကျွန်မအပေါ် စစ်ပြေငြိမ်းသည့် သဘော ဖြစ်လေသည် ။

"သြော်...မမအေးရေ၊ ငါပေးဖို့မေ့နေလို့"

ကျွန်မက လွယ်အိတ်ထဲမှ စက္ကူထုပ်ကလေးကို ရှာဖွေပြီး မမအေးဆီ လှမ်းပေးသည်။

"ဘာလဲ"

"ကြည့်လေ "

အေးမက စက္ကူထဲမှ ပစ္စည်းကို ဆွဲထုတ်လိုက်သည်။

"သွားရည်ခံလေးလေ၊ ဘစ်စ်လို့ ခေါ်တယ်၊ နင်ငယ်ငယ်က သွားရည်သိပ်ကျတာပဲလို့ အ မေတို့ပြောဖူးလို့၊ နင်က မွေးရင်လဲ နင့်လိုပဲ…"

"သွားစမ်းပါ ထွေးငယ်ရယ်"

အေးမက စားပွဲပေါ်သို့ ပစ်တင်လိုကသော သွားရည်ခံကလေးသည် တကယ်တော့ မျက်နှာ သုတ်ပဝါမွေးပွသာမျိုး ကို သေသေသပ်သပ် အနားကိပ်ပြီး ချုပ်လုပ်ထားသည်။ ကလန်ကလန် ငိုကြွေးနေသော ဝကစ်ကစ် ကလေးရုပ်ကလေးပါသေးသည်။ ပန်းရောင် နောက်ခံကလေး။ ချစ်စ ရာပါ။

အေးမ စိတ်ဝင်စားပုံမရ။ စိတ်တိုဟန်လည်းမပြပါ ။

ကျွန်မက မလွဲမသွေ ရင်ဆိုင်ရမည့် ရှေ့ရေး အတွက် ခေါင်းအေးအေးထားပြီး စနစ်တကျ အကွက်ချ စီစဉ်နေသလောက် အေးမ တတ်အားသရွေ့ ငြင်းဆန်ရှောင်ဖယ်နေချင်သည်။

သူ့ ဖိနပ်ကိုစီးပြီး သူ့နေရာမှာ နေကြည့်ပါမှ သူဘယ်လို ရှိမည် ကို လုံးလုံးလျားလျားနား လည်နိုင်မည် ဟု ကျွန်မသဘောပေါက်ပါသည်။

ခုလောက်ဆို အေးမဗိုက်ထဲ ကလေးလေးဟာ ကိုယ်လက်အင်္ဂါစုံလေပြီလား။ မိန်းကလေး လား။ အေးမနဲ့တူမှာ လား။

ကျွန်မတွေ းသလို၊ သိချင်သလို အေးမလည်း ထို့အတူရှိ မရှိဆိုတာ ကတော့…

"ဒီနေ့ကော နင်သင်တန်း သွားရဦးမှာ လား"

"ညနေမှ"

"အိမ်ပြန်ဦးမှာ လား"

"နေ့ခင်းပြန်မယ်၊ အိမ်ကနေမှ တစ်ခေါက်ထွက်မယ်"

"နင် ဘယ် သွားသွားနေသလဲလို့ အဘွားတို့က မမေးဘူးလား"

"ဘယ်တုန်းက အဖြေရဖူးလို့လဲ"

အေးမက ကျွန်မကို ငေးကြည့်နေသည်။

ကျွန်မလို နေရာတကာ စပ်စပ် စပ်ပါတတ်သော မိန်းမ တစ်ယောက် သာလျှင်

သည်ပြဿ နာမျိုး နှင့် ထိပ်တိုက်တိုးရနိုင်သည်ဟု အေးမ တွေ းချင်တွေ းနေလိမ့်မည် ။

ကျွန်မ ကတော့ ယင်းသို့ လျှင် တွေ းကိုတွေ းနေမိပါသည်။

အေးမသည် ဂရုစိုက်ခံချင်၊ အရေး သယ်ခံချင်တာမှန်ပါရဲ့ ။

လျှပ်ပေါ်လော်လည်သော မိန်းမ တစ်ယောက် တော့ မဟုတ်ရရှာပါ။

"ထွေးငယ်"

"အင်း....."

"စမ်းမောင်မှန်နဲ့ တွေ့ များ တွေ့ခဲ့ရင်လေ..."

"ဘယ်လိုလုပ် တွေ့မှာ လဲ"

"တစ်ကြောင်းကြောင်းနဲ့ တွေ့ များ တွေ့ခဲ့ရင်ပေါ့"

"ကဲ...ကဲ၊ ပြောပါဦး"

"ငါ ဒီမှာ ရှိနေတာ မပြောမိစေနဲ့နော်"

ကျွန်မက အသာတကြည် လိုက်လိုက်လျောလျောပင်...

"အေး..အပြောပါဘူး"

"ငါ့ပြဿ နာကိုလဲ သူမသိမှ ဖြစ်မယ်"

"အေးပါ "

အေးမက သက်ပြင်းရှည် တစ်ချက် လေးလေးတွဲ့တွဲ့ချလိုက်ရှာပါသည်။

စမ်းမောင်မှန်...

သူကို:.........။

စောစောက ထင်ကြေးပဲရှိတာ။

ခုမှ အေးမ၏ ဖွင့်ဟဝန်ခံချက်ကို ကျွန်မရရှိလိုက်တာပါ။

စမ်းမောင်မှန်ကို:.........။

■

အေးမ အပေါင်းချင်သော လူငယ် တစ်ယောက် အ ဖြစ် ကျွန်မ၏ ခံစားချက် တစ်နေရာတွင် သူ့အပေါ် ကရုဏာသက်နေမိပါသည်။

"ကျွန်တော် စမ်းမောင်မှန်ပါ အစ်မ"

သူက ကျွန်မကို အစ်မတဲ့ ။

ဒါပေါ့လေ။ သူက အေးမထက် လေးနှစ် လောက်ငယ်ရွယ်သူပေပဲ။ ကျွန်မထက် အနည်းဆုံး သုံးနှစ်တော့ ပိုငယ်တော့မပေါ့ ။

အေးမပြောတုန်းက တစ်ကြောင်းကြောင်းနဲ့ တွေ့များ တွေ့ခဲ့ရင်လေ ဆိုတာ။ အဲသည် တစ်ကြောင်းကြောင်းကို ကျွန်မအလေးအနက်မစဉ်းစားခဲ့။ တွေ့ ဖြစ်မည် လုံးဝမထင်မှတ်ခဲ့မိပေပဲကိုး။

အိမ်သို့ မမိမိအောင် ရောက်လာ ဖြစ်ပြီးတိုးတိုးတိတ်တိတ်ကျိတ်ပြောသည်မှာ စမ်းမောင်မှန် နဲ့အေးမသတင်းကိုထွေးငယ်ဆီက သိပါရစေ၊ ထွေးငယ်နဲ့တွေ့ပါရစေ တဂျီဂျီ နားပူးနေတယ်တဲ့။

ရပါတယ်။ ဘယ်မှာ တွေ့မလဲ။ အိမ်ဖိတ်လို့တော့ မ ဖြစ်ဘူးဟု ကျွန်မက လွယ်လွယ်ကူကူ ညှိနိုင်ခဲ့သည်။

မမိ၏ အစီအစဉ်အတိုင်း မမိတို့နေအိမ်မှာ ပဲ ချိန်းသည်။မမိ၏ မိဘနှစ် ပါးမှာ ခုမှ လေးဆယ် ကျော်ပိုင်းပဲ ရှိကြသေးသည်။ သမီးကို သူငယ်ချင်းပေါင်း ပေါင်းကာ သမီးနှင်ဆက်စပ် ပတ်သက်သ မျှစိတ်ဝင်တစား ပါဝင်လေ့ရှိကြလေသည်။

ထိုနေ့ကလည်းတန်းဈေးမှ အပြန် မမမိတို့အိမ်သို့ ဝင်သည်။ ဈေးခြင်းတစ်ဖက်နှင့် ရှုံးမကျ ပေမယ့်ဈေးဝယ်ပြီးမှပဲတွေ့အားသည်။ မဟုတ်လျှင် နောက်ကျပြီး အသားငါးမရ ဖြစ်နေပေမည် ။

ဧည့်ခန်းတွင် ရွှေအမြုတေ စာအုပ်လှန်လှောနေသော စမ်းမောင်မှန်သည် ကျွန်မအိမ်ထဲဝင် လာသည်နှင့် ကျွန်မ ဖြစ်မည် မှန်းဆနုတ်ဆက်သည်။ ကျွန်တော် စမ်းမောင်မှန်ပါအစ်မတဲ့လေ။

ကျွန်မကလည်းသူ ဖြစ်မည် ဟု ခန့်မှန်းတာပါပဲ။

သူ့ရှေ့တွင် ရေခဲအရေပျော်လျက်ရှိသော လိမ္မော်ရည်တစ်ဖန်ခွက်။

သူ့ဆံပင်မှာ ထူးခြားတာက လည်းကုပ်မှာ ဆံလေးငါးဆယ်ပင် တစ်ညှို တစ်မိုက်လောက် ရှည်ထွက်လိပ်ခွေနေတာပဲ ဖြစ်သည်။ ဆံပင်ပွရောင် ရောင် ပုံ သည်လောက် သည်လောက်နွေရာသီ ပူလောင်လောင်ကြီးမှာ အညိုရောင် သားရေဂျာကင်လက် ပြတ်ကို အပြာစင်း ရှပ်လက်ရှည်ပေါ်ထပ် ပြီးဝတ်လို့မို ဇာတ်လိုက်မင်းသား တစ်ယောက် ပမာ ဂိုက်ဆိုက်ဖမ်းနေသည်။

အိမ်ရှေ့မှာ ဆိုင်ကယ်တစ်စီး ရပ်ထားတာ တွေ့ခဲ့သည်သူ့ဆိုင်းကယ်ပဲ ဖြစ်မည် ။ ပြာလဲ့သော ဘော်ဒီမှာ စတစ်ကာအမျိုး မျိုး ကပ်ထားသည်။ ရယ်စရာလည်းကောင်း၊ မျက်စိလည်းရှုပ်၊ အိုင် အသည်းနှလုံးလည်းပုံ၊ ယူအသည်နှလုံးပုံ၊ ဟွန်ဒါဆိုတာမျိုး ၊ နင်းဂျားပုံ၊ နာဇီတံဆိတ်။

"ကျွန်မဝင်းလင်းထွေး"

"ဟုတ်ကဲ့ မြင်ဖူးပါတယ်အစ်မ"

"ဪ"

"ဓာတ်ပုံလည်းမြင်ဖူးတယ်"

ကျွန်မမျက်မှော င်ကြုပ်မိသည်။

"မဆီက ညီအစ်မနှစ် ယောက် ပုံလေ"

သူကအေးမကို မဟု ရည်ညွှန်းသည်ဟု ကျွန်မ နားလည်းလိုက်ရသည်။

ဈေးခြင်းကို ဖယောင်းပဆိုး အပြင်ဘက်မှာ အသာချထားပြီး သူနှင့်
ထောင့်တန်းတစ်နေရာ တွင် ဝင်ထိုင်သည်။

ဖန်ဆေးလိပ်ပြာခွက်ထဲသို့ စီးကရက်ကိုထိုးခြေနေသော သူ့လက်ဆီသို
အမှတ်မထင် မျက် လုံးရောက်သွားသည်။

ညာသက်လက်သန်းတွင် ဆင်ပြီးကွပ် ရွှေလက်စွပ်ကလေး။အဲဒါ
အေးမလက်စွပ်။ ဪ... အေးမက စမ်းမောင်မှန်ကို ချစ်လက်ဆောင်တွေ ဘာတွေ
အကျပေးလို့ပါလား။ လက်ထပ်လက်စွပ် သဘောမျိုး လားဟင်း။

"ထွေးငယ်ရေ...အေးအေးဆေးဆေး စကားပြောကြဦးနော် မမိမ်းဖိုးချောင်ထဲမှာ
မေမေ့ကို ဝိုင်းကူနေရလို့"

ကျွန်မအတွက်မမိကဝေးသော အအေးဖန်ခွက်ကို တစ်ရှိန်ထိုး
မောင့်ပစ်လိုက်သည်။

နေပူထဲ ခရီး နှစ် လာရသော ပင်ပန်း ပူအိုက်မှု ဖြင့် ချွေးပြိုက်ပြိုက် ကျလာသည်။
လက်ထဲမှ လက်ကိုင်ပါဝါဖြင့် သုတ်၍ မနိုင်နိုင်။

"စမ်းမောင်မှန်နံဘေးက ပန်ကာခလုတ်ကလေးတစ်ဆိတ်ဖွင့်ပေးပါလား"

လူ တစ်ယောက် သူ့ရှေ့မှာ တင်မှ ချွေးတရွှဲရွှဲ မောဟိုက်နေတာတောင်မှ နံဘေးနား ကပ်နေ သော မတ်တတ်ပန်ကာခလုပ်ကလေး ဖွင့်ပေးလာအောင် အရိပ်သုံးပါး နားမလည်ပါလားဟု ကျွန်မ သူ့အပေါ် ဘဝင်မကျချင်တော့။

"ကျွန်တော် ခုနစ် နာရီခွဲကတည်းက ရောက်နေတာ"

"ရှစ်နာရီလို့ တို့မှာ လိုက်သားပဲ၊ မမိမပြောဘူးလား"

"ပြောပါတယ်၊ ကျွန်တော် က အခြေအနေသိချင်းလွန်းလို့နေမထိ ထိုင်မသာ ဖြစ်နေတာ၊ နာရီတကြည့်ကြည့်နဲ့။အစ်မလာမှ လာပါတော့မလားလို့"

အလဲ့။ အတော် လာသည့် ဟာကလေး။ သူဆိုလိုတာကကျွန်မဟာ ရှစ်နာရီလည်း ရောက်မ လာပါဘူးပေါ့။

မမမိတို့အိမ်နံရံမှ တိုင်ကပ် နာရီလက်တံက ရှစ်နာရီနှစ် ဆယ်ရှိပြီးဟု ညွှန်ပြနေသည်။

"ဘက်စ်ကားကျပ်တယ် စမ်းမောင်မှန် ကားမရလို့ စိတ်ပျက်ပျက်နဲ့ ပြန်တော့မလို့ဘဲ၊ တို့ကမင်းကိုအားနာလို့"

"အားနာဖော်ရတာ ကျေးဇူးပါပဲ အစ်မရာ"

"ရပါတယ်"

ပန်ကာလေနှင့် မလုံလောက်နိုင်ဘဲ ကျွန်မက စားပွဲပေါ်မှ သတင်းစာကို လှမ်းယူကာ ထက် စက်ချိုး ခေါက်ပြီး တဖျပ်ဖျပ်ယပ်ခတ်နေရသေးသည်။

"တို့နဲ့တွေ့ချင်တာက အေးမ ဘယ်မှာ လဲဆိုတာ မေးမလို့လား"

"လားရှိုးမှာ လို့မမိကပြောတယ် ကျွန်တော် စုံစမ်းပြီးပြီးလားရှိုးမှာ မရှိဘူး"

"ဘုရား…ဘုရား"

ငြိုဟ်ကောင် ကလေးက ကွက်ကျော် ရိုက်နေပြန်ပါပေါ့လား။

“ဘာလို့မင်းကအေးမအကြောင်း သိချင်နေတာလဲ”

“အစ်မသိပါတယ်၊ သူနဲ့ကျွန်တော် ဟာ ချစ်သူတွေ ”

“ချစ်သူတွေ ”

“ဟုတ်တယ်အစ်မ”

“သေချာရဲ့ လား၊ ဆိုလိုတာက မင်းကပြောတိုင်း တို့ယုံလိုက်လို့ မ ဖြစ်ဘူး မဟုတ်လား၊တို့ ကမိန်းကလေးရှင်လေ”

ကျွန်မကိုယ်ကျွန်မ အတော် အထင်တကြီး ဖြစ်သွားသည်။ သူကပဲ ရုပ်ရှင်မင်းသားပုံ ဖမ်းနိုင် မလား။ ကျွန်မကပဲ တရားခံစစ်သော ရဲမှူးအဏ္ဏာစက်တွေ ပြနိုင်မလား။

“ကျွန်တော် တို့အုပ်စုက သိနေကြတာပဲဗျာ”

“ခင်တာ ဆိုရင်ကော”

ထင်ထားသည့်အတိုင်း စမ်းမောင်မှန်က သူ့လက်ချောင်းတွေ ကို ရှေ့ထိုးဆန့်ပြ၏ ။

“ဒါမပေးထားတဲ့ ချစ်သက်သေ၊ အစ်မယုံပြီလား”

“သိပ်လဲအဖိုးတန်တာမဟုတ်တော့ ခင်မင်သူချင်း လက်ဆောင်ပေးတာလဲ ဖြစ်နိုင်လားလို့ ဘယ်လိုမှမအောင့်မေ့နဲ့နော်”

စမ်းမောင်မှန်မခိုးမခန့်ပြုံး သည်။

“ဒါတော့အစ်မတမင်ကပ်ပြောတာပါဗျာ၊ ကျွန်တော် တစ်ခုပြောမယ်၊ အစ်မလဲဘယ်လိုမှမ အောင့်မေ့နဲ့ ဟုတ်လား”

ကောင်လေးသည် ရုပ်ရည်ကလေး သနားရုပ်နှင့် အတော် ထောင့်မကျိုး တာဘဲဟု ကျွန်မ ချဉ်စုတ်စုတ် ဖြစ်သထက် ဖြစ်လာသည်။

"ဆိုစမ်းပါဦး"

"အစ်မသာဆိုရင် ကိုကိုလွင်ကို အစ်မလက်က ဆင်မြီးလက်စွပ်ကလေး ပေးပါ့မလား"

ကြည့်စမ်း...ကြည့်စမ်း။

ကျွန်မ ဒေါသ ထောင်းခနဲထွက်မိသည်။ ရက်သွားတာ ဖြစ်ချင် ဖြစ်မှာ ပါ။ ဒါပေမယ့် ကိုကို လွင်တဲ့။ သင်းသိလှချည်းလား။ ပြီးတော့ သင်းပြောစရာလား။

"စမ်းမောင်မှန်း မင်း တစ်ဆိတ် မလွန်လွန်းဘူးလား ကိုကိုလွင်ဟာ တို့ရဲ့ မိတ်ဆွေပါ"

"ဟုတ်ပါတယ် အစ်မရယ်၊ ကျွန်တော် ဘာပြောလို့လဲ၊ မိတ်ဆွေ တစ်ယောက် ကို အမြတ် တနိုးဝတ်ဆင်တဲ့လက်စွပ် ဘယ်ချွတ်ပေးပါ့မလဲ၊ မနဲ့ ကျွန်တော် ဟာ ချစ်သူတွေ ပါလို့ အခိုင်အမာ ပြောချင်တာ တစ်ခုတည်းပါဗျာ"

စမ်းမောင်မှန်က စီးကရက်တစ်လိပ် ထပ်မံထုတ်ယူကာ မီးညှိသည်ကျွန်မဘက်သို့ လည်း ဧည့်ခံကမ်းလင့်၍ လပ်ကီးစထရိုက်ယူလိုက်မိတော့မလို့ စိတ်က တိမ်းညွတ်သွားသော် လည်း လူကဏ္ဍမြွေမပျက် ခေါင်းခါသည်။

ငါစီကရက်သောက်တတ်တာများ သိနေလေရော့သလား အတော် စပ်စုတဲ့ဟာကလေး။ မ ဖြစ်ဘူး...မ ဖြစ်ဘူး။ သတိရှိပါမှ။

"ချစ်သူတွေ ပဲထားပါတော့ အဲဒီ အတွက် အေးမဘယ်မှာ ရှိသလဲဆိုတာ မင်းသိထိုက်တယ် လို့ ဆိုလိုတာလား"

"ဟုတ်ကဲ့အစ်မသိခွင့်တောင်းဆိုတာပါ"

ကျွန်မ စဉ်းစားတွေ းခေါ်ပြီးသော စကားလုံးတွေ ကိုချက်ကျလက်ကျ ပြောရပါတော့မည် ။

"စမ်းမောင်မှန် သိခွင့်ရှိတယ်ဆိုရင် မင်းရဲ့ ချစ်သူ အသိပေးရုံရှိတာပါပဲ။ တို့က

နံဘေးကလူ ပဲ၊ သူ့ကိုကျော်လွန်ပြီးသူတစ်ပါးကိုယ်ရေး ကိုယ်တာကိစ္စကို တို့ဝင်မစွပ်လိုဘူးလေ”

“မှတ်ထား”

ကျွန်မက မေးဖျားဝင်းကာ အသင့်အနေအထားနှင့် သူ့ထံမှ တုံ့ပြန်ထိုးနှစ် ချက်ကို စောင့် ဆိုင်းနေသည်။

ပန်ကာလေတဖြူး ဖြူး မှာ ကျွန်မချွေးထွက်သိုသိပ်သွား သွေးလည်းအေး သွားပါပြီး။

ထင်သည့်အတိုင်း ကောင်ကလေး ကတော့ ရှူး ရှူး ရှားရှား ဖြစ်လာ၏ ။

“အေးမကို အစ်မတို့ ပိတ်ပင်ချုပ်ချယ်ထားတယ်လို့ ကျွန်တော် ထင်တယ်ဗျာ”

“ဒါက မင်းအထင်ပဲ”

“ထင်ရုံမကဘူး အစ်မ၊ ကျွန်တော် စွပ်စွဲတယ်”

“မင်းအတော် ခပ်နေပြီ။ ဒီခေတ်ကြီးမှာ အသက်နှစ် ဆယ်ကျော်နေတဲ့ အမျိုး သမီးတစ် ယောက် ကို ဘယ်လိုသံကွန်ချာမျိုး နဲ့ ထိန်းချုပ်ထားနိုင်မှာ မို့လဲ”

“အစ်မတို့က နိုင်ငံခြားပြန် ဘွဲ့ရအရာရှိနဲ့ ဇွတ်စီစဥ်ထားပြီးကြပြီဆိုတော့ ခုလဲမ ဖြစ် ဖြစ် အောင် ချုပ်နှောင်ထိန်းသိမ်းထားမှာ ပါ”

“အေးမှာ စေ့စပ်ကြောင်းလမ်းပြီးတဲ့သူ ရှိတယ်ဆိုတာ မင်းအသိနော်”

“တိုင်းသိပြည်သိ သတင်းစာထဲမှာ ကြေညာထားတယ်ဗျ”

စမ်းမောင်မှန်က မထေမဲ့မြင် ဒူးချိတ်ထိုင်ကာ စီးကရက်မီးခိုးမှူ တ်ထုတ်သည်။ ရှိးရှိုးဒူးချိတ် တာတောင်မဟုတ်။ ဒူးတနန့်နန့်။ အင်း..စောစောကပြောသလိုပဲ၊ ရုပ်ရည်ကလေးသနရုပ်ပမို့ အမြင်ဆိုးနေပါ။ မေတ္တာတုံချင်စရာ ကောင်းနေတာ တစ်ခုပါပဲ။

“ဟိုကပြန်လာရင် အေးမလက်ထပ်တော့မှာ ”

သူမကြားဘိသကဲ့သို့။

သူ အရေမမှု ရရှမပြုဘိသကဲ့သို့။

ဘာရမလဲ။

ကျွန်မက သူ၏ နုနယ်ချောမောသော မျက်နှာကလေးကို စေ့စေ့ကြည့်ပြီး တစ်လုံးချင်း မေး ခွန်းထုတ်သည်။

"စမ်းမောင်မှန်နဲ့ အေးမကကော လက်ထပ်ကြဖို့ အစီအစဉ်ရှိတာမို့လား"

အနာပေါ်တုတ်ကျသွားသည့် စမ်းမောင်မှန် ဝုန်ဆို ထက်ဝက်ပင်မကျိုး သေးသော စီးက ရက်ကို ပြာခွက်ထဲ အငြိုး တကြီး ထိုးခြေလိုက်သည်။ တော် သေး။ အဲသည်စီးကရက်သာ ငါဆိုရင် အရိုးစိစိညက်ညက်ကြေရချည်ရဲ့။

ကျွန်မပခုံးတွန်မိသည် မပြုံး မိအောင်လည်း အတော် ကြီးသတိထားနေလိုက်ရ၏။

"ချစ်တာနဲ့ပဲလက်ထပ်ဖို့ စီစဉ်ရတော့မလားဗျ၊ ကျွန်တော် ကျောင်းသားပဲရှိသေးတယ်"

ကျွန်မပခုံးတွန့်မိပါသည်။

အေးမကသူ့တို့ လက်ထပ်ဖူးပါသည်ဟု ပြောသည်၊ စမ်းမောင်မှန်က အစီအစဉ်မရှိသေးပါ ဘူးဟုငြင်းဆိုသည်။

တစ်ယောက် ယောက် ကတော့ လိမ်ညာနေပါပြီ။

သေချာတာတစ်ခုက သူ့ကို အေးမ မယူချင်ဘူး ဆိုတာပါပဲ။

သူ့ကိုယူချင်သော အကြောင်းရင်းကို ကျွန်မ မှန်းဆမိပါပြီ။

သူကျောင်းသားပဲရှိသေးသည်ဆိုတာထက် သူကကလေးပဲရှိသေးသည်ဆိုလျှင် ပိုပြီးမှန် မည်။

သူ့ကလေးကိုမွေးသော အေးမသည် သူ့ကိုယူလျှင်ကလေးနှစ် ယောက် တာဝန်ကို ခါးချီး ထမ်းရွက်ရုံသာရှိတော့မည် ။

တစ်နေ့နေ့မှာ တော့ တစ်မျိုး တစ်ဖုံ ပြောင်းလဲကောင်းပြောင်းလဲလာနိုင်ပါသည်။ ဒါဟာ လည်း အေးမနှင့် စမ်းမောင်မှန်နှစ် ယောက် ၏ အဆုံးအဖြတ်နှင့် ကံကြမ္မာအပေါ် မူတည်ပါလိမ့် မည် ။

လောလောဆယ်တော့....

"တို့တွေ ကတော့ အေးမ လားရှိုးမှာ ရှိနေတယ်လို့ပဲ သိထားတယ်၊ မင်းမယုံရင် မင်းဘာ သာ အဆက်အသွယ်ရှာကြည့်ပေတော့ တို့ ကတော့ ဒီထက်ပိုပြီး မစွက်ဖက်ချင်ဘူးလေ"

"အစ်မပြောချင်တာက အေးမသဘော၊ အေးမဆန္ဒနဲ့ ကျွန်တော့်ကိုရှောင်နေတာပေါ့"

"သူ့အလုပ်သွားလုပ်တာပါ၊ ဒီနှစ် လဲ သူစာမေးပွဲမဖြေနိုင်ဘူးဆိုတာ မင်းသိမှာ ပေါ့၊ အိမ် ထောင်ရှင်မ ဖြစ်ခင် ကိုယ်ပိုင်လွတ်လက်ခွင့်ကလေး မြည် းစမ်းတဲ့သဘောလို့ သူပြောတာပဲ။ ဒါမှ မဟုတ်ရင်တော့ မင်းတို့နှစ် ယောက် ကြားမှာ ညှိမရတာ မပြေလည်တာ ရှိချင်ရှိနေကြမှာ "

လျှာမှာ အရိုးမှမရှိတာ၊ အေးမမပြောလည်း ကျွန်မပါးစပ်ထဲ လုပ်ကြံပစ်လိုက်နိုင်တာပဲ။ အေးမပြောတာတွေ ကိုလည်းကျွန်မ စိတ်ကူးနှင့် ရောမွှေလိုက်နိုင်တာပဲ။

"ကျွန်တော် တို့မှာ ဘာပြဿ နာမှမရှိခဲ့ဘူး အစ်မ"

စမ်းမောင်မှန်၏ မျက်လုံးတွေ သည် မခံချင်စွာ ကျဉ်းမြောင်းစူးရှနေ၏ ။ တစ်ယောက် ယောက် ကတော့ လိမ်ညာနေတာ သေချာပါသည်ဟု ကျွန်မ တွေ းနေမိတော့သည်။

"မက အချစ်ကို ရာထူးပကာသနနဲ့ တိုင်းထွာတယ် ထင်ပါရဲ့"

ဒါဟာ စမ်းမောင်မှန်ဘက်မှ အေးမအပေါ်ထားရှိသော ပထဆုံးသံသယအရိပ်အငွေ့။

"မင်းအထင်ပေါ့၊ သူ့မှာ လဲ သူ့အကြောင်းပြချက်နဲ့သူ ရှိမှာ ပေါ့"

စိတ်လိုက်မာန်ပါ နေရာမှအထတွင် စားပွဲကို ကုန်းတိုက်မိပြီး မတို့မထိရသေးသော ဖန်ခွက်မှ ဖျော်ရည်အချို့ပင်ဖိတ်စဉ်ကုန်၏ ။

"ခုလိုလာတွေ့တာ ကျေးဇူးတင်ပါတယ်အစ်မ၊ ကျွန်တော် သွားမယ်၊ မမိတို့ကိုနှုတ်ဆက် ပေးပါ"

"ကောင်းပါပြီး"

ဝေ့ကင်းရှူး စ် တဖျပ်ဖျပ်နင်းကာ ဆောင့်ကြီးအောင့်ကြီးထွက်ခွာသွားသော သူ့ကို ကျွန်မ ထိုင်ရာမထ မျှော်ကြည့်ပြီးကျန်ရစ်သည်။

စိတ်ချရလောက်ပြီဆိုတော့မှ ခြောက်သွေ့ဆဲအာခေါင်ကိုဆွတ်ဖျန်းသည့်အနေနှင့် သူ သောက်သုံးမသွားသော အအေးခွက်ကိုလှမ်းယူကာ တစ်ရှိန်ထိုးမော့ချပစ်လိုက်တော့သည်။

အစ်မကလည်း လူသိရှင်ကြား မတော် စပ်ရတဲ့ အစ်ကိုတော် လေးကို ကျေးဇူးတင်ပါတယ် စမ်းမောင်မှန်ရယ်။

■

လူ တစ်ယောက် မှာ အဖော်တော့ လိုအပ်သည်ပင်။

လူဆိုသည်မှာ ပတ်ဝန်းကျင်နှင့် ကင်းကွာပြီး တစ်ဦး တစ်ယောက် တည်း

မနေနိုင်ကြ။

ကျွန်မလည်း အဖော်လိုသည်။

ဘာသာစကားချင်း တူညီသော အဖော်။

တစ်ယောက် ရှိလျှင်ပင် မဆိုးလှ။

အဲသည့် တစ်ယောက် ဟာ ကိုကိုလွင်ပါပဲ။

“ထွေးငယ် ဘယ်သူနဲ့တွေ့လာတာလဲ သိလား ကိုကိုလွင်”

“ဘယ်သူနဲ့ တွေ့လာသလဲ”

“စမ်းမောင်မှန်”

“မိန်းကလေးလား၊ ယောက်ျားလေးလား”

“ကိုကိုလွင်က လုပ်ပြီကွာ၊ ယောက်ျားပေါ့ကွ”

“ကိုယ့်အလွန်လား၊ စမ်းဆိုတာ ကိုယ်ပိုင်နာမည်၊ မောင်မှန်က အဖေ့နာမည်၊ ဒါဆိုရင် စမ်း လို့မိန်းကလေးကို မှည့်နိုင်သလို ယောက်ျားလေးကိုလဲ မှည့်နိုင်တာပဲ”

ကိုကိုလွင်က ကွန်ပျူတာခလုတ်ကိုပိတ်လိုက်သည်။

“မောင်မှန်ဆိုတာ သူ့အဖေနာမည် ဟုတ်ချင်မှ ဟုတ်မှာ ပါ”

ယနေ့အဖို့သူသည် လိုတပ်စီ ဝမ်း၊တူး၊ သရီးထဲမှကိန်းဂဏန်းများ ကို ဂရပ်ဖ်နှင့် ပုံဖော်ကြည့် ရှုနိုင်ပုံကို လက်တွေ့သင်ကြားပြသပါသည်။

သူက အကူနည်းပြ တစ်ယောက် မျှသာ ဖြစ်ပြီး လက်ချာပေးညွှန်ကြားပို့ချသူ သုံးဦးရှိသည်။ ဤကွန်ပျူတာသင်တန်းကို သည်နှစ် မှ စတင်ဖွင့်လှစ်သော် လည်း ယနေ့နာမည် ကြီး အောင်မြင်နေ သော ဝင်းနားတို့၊ အမ်စီစီတို့၊ ကေအမ်ဒီတို့နှစ် ရင်ပေါင်တန်း အမီလိုက်နိုင်အောင် အားထုတ်ကြွေး ကြောနေသည်။

ကွန်ပျူတာအလုံးနှစ် ဆယ်၊ သရီးအိပ်ဆစ် ဆူပါဗွီဂျေအေ တွေ ချည်း ဖြစ်သည်။

သင်တန်းသား တစ်ယောက် လျှင် ကွန်ပျူတာ တစ်လုံးကျအသုံးပြု ခွင့်ပေးထားနိုင်ရုံမက သင်ခန်းစာတွေ အတွက်ဗီဒီယိုခွေများ ကို အလှည့်ကျငှားရမ်းနိုင်သေးသည်။

သင်တန်းသားတွေ အလျှိုလျှိုပြန်လည်ထွက်ခွာသွားကြသော အခါ ကျွန်မ တစ်ယောက် သာ လျှင် ကိုကိုလွင့်ကိုစောင့်ဆိုရင်း ကျန်ရစ်နေသည် ။

သူတို့၏ လုပ်ဖော်ကိုင်ဖက် နည်းပြဆရာ အသစ်ကလေးကို တခြားဆရာဆရာတွေ က သမာဓိပြုံး နှင့် ဝေဲဝဲ အကဲခက်သည် ။

ကိုကိုလွင်အနေခက်ကာ စာအုပ်တွေ ရှာ၊ ဘောလ်ပင်တွေ လွတ်ကျ။ ဒစ်စကပ်ခွေချင်း အလွဲလွဲအမှား းမှာ း သိမ်း၍ ဟန်အပျက်ပျက် အိုးနင်းခွက်နင်း ဖြစ်နေသည်။

သည်သင်တန်းသို့ ကျွန်မလာတတ်တာ ဆယ်ရက်ကျော်ပါပြီ။ အစက ကျွန်မ သည်သင် တန်းသား အများ ထဲက တစ်ယောက် သာ ဖြစ်ခဲ့သည်။ ကျွန်မအပေါ် တစ်ယောက် တလေကမျှ ထူးကဲစိတ်ဝင်စားခဲ့ပုံမရှိ။

ကိုကိုလွင်ကလည်း အထူးတလည် အရေး သယ်ထားခြင်းမရှိခဲ့ပါ ။

သူသည် ပတ်ဝန်းကျင်ကို အတော် သတိထားပြီး သမားဂုဏ် ဆောင်ပြချင်သူ ဖြစ်ကြောင်း တစ်စစနှင့် ကျွန်မအကဲခတ်မိလာသည်။

ကျွန်မ၏ ကွေ့ကွေ့လိမ်လိမ် တွေ းခေါ်တတ်သော ဉာဉ်ဆိုးကြောင့် ပဲလားမသိ။ ကိုကိုလွင်က သူ့အပေါင်းအဖော်တွေ သတိပြုမိလာအောင်များ တမင်တကာ အမူအရာ ပျက်ပြနေသလား ထင် မှတ်နေမိပြန်သည်။

တကယ်ဆို သူဟာ အပေါင်းအသင်းကြား၊ မိတ်သင်္ဂဟကြားမှာ နေတတ်သော လူတစ် ယောက် ဖြစ်သည်။

သူဘာကြောင့် အမူအရာပျက်နေရမှာ လဲ။

တစ်ခုရှိပြန်တာက ကျွန်မသည် သူနှင့် တစ်စုံတစ်ရာ ဆက်နွယ်နေသည် ဆိုပါလျှင်တော့ ကျွန်မလို သာမန်မိန်းကလေး တစ်ယောက် နှင့် ဆက်စပ် ပတ်သက်သည်ဟု အထင်ခံရသည့်အ တွက် သူ့မှာ ဘယ်လောက်ထိ အကျိုး အမြတ် ရနိုင်မှာ မို့လဲ။

ပြီးတော့လည်း ကျွန်မဟာ သူကြွားဝါဂုဏ်ယူရလောက်အောင် စန်းပွင့် ကျော်ကြားသည့်၊ တစ်နည်းအားဖြင့် ချစ်သူ ဝိုင်းဝိုင်းလည်သည့် ကြယ်တစ်ပွင့်ဖြင့် မဟုတ်ရလေပါ။

ကျွန်မလိုမိန်းမသားတွေ ကို သူ တစ်နည်းနည်း နှင့် အရောတဝင် ရင်းနှီးပြနိုင်တာပဲ။

ကျွန်မနှင့် သူဟာ ခင်မင်ရင်နှီးသော မိတ်ဆွေများ ဖြစ်ကြသည်။

ကျွန်မကို ခုတုံးလုပ်ပြီး သူမြှာစွံကြောင်းပြစရာအကြောင်းအချက် အထောက်အထား...

“သွားကြရအောင် ထွေးငယ်၊ လက်ဖက်ရည်ဆိုင် ကျမှထွေးငယ်ရဲ့ စမ်းမောင်မှန်အ ကြောင်း ဆက်ပြောကြတာပေါ့”

“ထွေးငယ်ရဲ့ စမ်းမောင်မှန် မဟုတ်ရပါဘူး၊ အေးမရဲ့ စမ်းမောင်မှန်ပါ”

နှစ် ယောက် သား ကွန်ပျူတာသင်တန်းခန်းမမှ ထွက်ခွာခဲ့ကြသည်။

“ဒါ အပြီးပြန်တာလား မောင်ကိုလွင်”

နည်းပြ ဦးစိုးအောင်က ဖိုင်တွဲ တစ်တွဲ ပိုက်ပြီး ဝင်လာရင်း မေးသည်။

“ခဏပါအစ်ကို၊ နောက်ထပ် သင်တန်းအမီ ကျွန်တော် ပြန်လာမှာ ပါ”

ကိုကိုလွင်က လိုအပ်သည်ထပ်ပိုပြီး ပျာပျာသလဲ ဖြစ်နေသည်ဟု ကျွန်မထင်သည်။

ဦးစိုးအောင်က လိုတပ်စ် သင်ခန်းစာကို သင်ပြမှာ မို့ ရက်ပိုင်းအတွင် းမှာ းပဲ

ကျွန်မ၏ ဆရာ ဖြစ်လာတော့မည့် သူပါ။

လောလောဆယ်တော့ ကာလသား တစ်ယောက် ကျီစယ်သလို ပုံပန်းမျိုး သူဖမ်းသည်ကို ကျွန်မသဘောမတွေ့နိုင်တာကြောင့် ပြုံး ပြဲ၍ ပင် နှုတ်မဆက်ဘဲ ငူငူစင်းစင်း မျက်နှာနှင့် ပြန်လာခဲ့ သည် ။

"မင်း စိတ်တိုသွားသလား"

သူဆိုလိုတာကို ကျွန်မသဘောပေါက်သည်။ ဦးစိုးအောင် နောက်တာကို ကျွန်မစိတ်အ နှောက်အယှက် ဖြစ်သွားသလား ။

"ထွေးငယ်က စိတ်နုတယ်"

"ဘယ်လို..."

"ထွေးငယ် တစ်ခါတလေမရင့်ကျက်ဘူး၊ စိတ်မတိုသင့်မှန်းတော့ သိသား၊ သိတာနဲ့ လုပ် တာနဲ့ အမြဲထပ်တူ ဖြစ်ဖို့ မလွယ်ဘူး ကိုကိုလွင်ရဲ့ "

ဘောင်ဒရီအတိုင်း ထွက်လာကြပြီး အနီးဆုံးလက်ဖက်ရည်ဆိုင်မှာ ပဲ ဝင်ထိုင်သည်။ လူသန့် သည်။ တိတ်ဆိတ်သည်။ ဆရာတွေ ၊ ကျောင်းသားတွေ ၊ လုပ်ငန်းရှင်တွေ စုဝေးသည့်နေရာ ဖြစ်လေ သည် ။

"ချိုပေါ့ရှယ်နှစ် ခွက်"ဟု ကိုကိုလွင်ကိုမြင်သည်နှင့် စားပွဲထိုးကလေးက ဆိုင်တွင်းသို့ လှမ်း အော်သည် ။

သူက နေ့စဉ်ဖောက်သည်မို့ သူ့အကြိုက်ကို အကျွမ်းဝင်နေတာ ထားတော့။ ကျွန်မအ ကြိုက်ကို ပူးတွဲ မှတ်သားထားတာ ကတော့ အင်း...သူနှင့် တွဲ လာတတ်သော မိန်းကလေးအဖော် ဟာ ကျွန်မ တစ်ယောက် သာပဲဟု...။

လက်မဝက်လောက် ခုနေသော ကျောက်စရစ် ခဲကိုပင် ကျွန်မခလုပ်တိုက်ကာ ဟပ်ထိုးလဲ မလို ဖြစ်သွားသည်။

ဒါ ကတော့ ဘယ်သူမှ ကျီးစယ်တာ၊ စွပ်စွဲတာမဟုတ်။ ကျွန်မဘာသာတွေ း၊

ကျွန်မဘာသာ မလုံမလဲ ကသော င်းကနင်း ဖြစ် ။ သြော်..ဒုက္ခ ဟဲ့။

ကိုကိုလွင်က ဒါကျတော့ ရယ်ချင်ပြုံး ချင်သည်။ ကျွန်မကို စက္ကန့်ပိုင်းမျှ စူးစိုက်ကြည့်စဉ် သူ့မျက်လုံးတွေ က သီလွန်းစွာ ရယ်မောနေ၏ ။

ထိုတခဏမှာ တော့ ကျွန်မက သူ့ကိုနွဲ့ချင်၊ ကောက်ချင်၊ ငြူစူချင်နှင့် ကျွန်မ၏ ချစ်သူရည်း စား ကျနေတော့သည်။

ထိုအတွေ းနှင့် အတူ ကိုယ့်အပြစ်ကို သတိထားမိလိုက်သည်တွင် ရှတ်တရက် ပေါ့ပါး လွတ် လပ်သွားပြီး ပင်ကို အမူအကျင့်အတိုင်း ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏ ။

သူသည် ကျွန်မကို အထူးအဆန်းသဖွယ် တဒင်္ဂငေးကြည့်နေပြီးမှ စားပွဲပေါ်ရှိ စီးကရက် ပန်းကန်ပြားထဲမှ တစ်လိပ်နှိုက်ယူသည်။

ပြီးတော့ ကျွန်မကို ငေးငေါ့ပြီး သော ကလေးဆိုသော အမူအရာပြု၏ ။

စိတ်ထဲမှာ အာသာငမ်းငမ်း မရှိလှပါ။ သို့သော် သည်နေ့အဖို့ ကျွန်မ တစ်လိပ်မှမဖွာရသေး။ တော် ကြာအိမ်ပြန်ရတော့မှာ ။ စီးကရက်ဆို အနံ့အငွေ့ဝင် အိမ်ပါသွားလို့မ ဖြစ်။

“ပြောတော့လေ”

“ဘာပြောရမလဲ”

“ထွေးငယ်ရဲ့ စမ်းမောင်မှန် အကြောင်း”

“ကိုကိုလွင်နော်”

“မှာ းပါတယ်”

ကျွန်မ၏ စီးကရက်ကို မီးညှိပေးပြီးမှ သူ့အတွက်သူ မီးညှိသည် ။

စားပွဲထိုးကလေးသည် လက်ဖက်ရည် လာချပေးရင်း ကျွန်မ စီးကရက်သောက်သည်ကို သဘောကျသလို ကြည့်နေသည်။

“ဆိုပါဦး၊ အေးမရဲ့ စမ်းမောင်မှန်နဲ့ ထွေးငယ် ဘယ်လိုတွေ့လာသလဲ”

“သူက တွေ့ပါရစေ တဂျီဂျီနားပူနေတယ်လို့ အေးမရဲ့ သူငယ်ချင်း မမိကပြောတယ်။ မမိဟာ အောင်သွယ်အလုပ်မျိုး ဝါသနာ ပါပုံရတယ်။

“ဒါဟာ သာမန်မိန်းမတွေ ရဲ့ ဝါသနာတွေ ထဲမှာ တစ်ခုအပါအဝင် ဖြစ်နိုင်တယ်ကွ”

“ဟုတ်မှာ ပဲ၊ အောင်သွယ်၊ အတင်းပြော၊ စပ်စု၊ နေပါဦး စပ်စုတာလဲ သာမန်မိန်းမတွေ ပဲ လား”

ကိုကိုလွင် ပြုံး သည်။

“စပ်စုတဲ့အကြောင်းအရာပေါ်မှာ မူတည်ပြီး အဲဒီ မိန်းမရဲ့ အဆင့်ကို ခွဲခြားနိုင်မယ် ထင်တာပဲ သူနဲ့ ဆိုင်သလား၊ သူ့အတွက်ဘယ်လိုအကျိုး ရှိနိုင်မလဲ၊ သူများ အတွက် ဘယ်လိုအကျိုး ရှိမလဲ”

“ပြီးရော..ပြီးရော၊ ဒါဆို ကျေနပ်သွားပြီ၊ ထွေးငယ်အခုစပ်စုတာက အေးမအတွက် ဘယ်လို အကျိုး သက်ရောက်နိုင်မလဲ၊ ဘယ်လို ကာကွယ်နိုင်မလဲ၊ ဘယ်လို ပံ့ပိုးပေးနိုင်မလဲ၊ အဲဒါပါ”

“အဲဒီ တော့”

ကျွန်မက စီးကရက်ကို ရေး နွေးကြမ်းဆွတ်ပြီး မီးသတ်၏ ။

ပြီးတော့ စာပွဲပေါ်တင်ထားသော ပလတ်စတစ် အုပ်ဆောင်းကို ဘေးဖယ်ကာ ကော်ပြန့် စိမ်းပန်းကန်ကို ဆွဲယူလိုက်သည်။

“အဲဒါ ဘာလုပ်တာလဲ”

ကော်ပြန့်စိမ်းစားဦးမယ်၊ စားပြီးမှ စီးကရက်ပြန်သောက်မလို့ ။

“ဆာလိုက်တာ လွန်ပါရော”

“ထမင်း မစားရသေးဘူးလား”

“ပြီးပါပြီ၊ ဒါပေမယ့် ကိုလွင်စဉ်းစားကြည့်၊ ဈေးသွား၊ အဘွားကိုကူ၊ အဲဒါက လူမောတယ် ကွာ၊ စမ်းမောင်မှန်နဲ့ စကားစစ်ထိုးရတာ က စိတ်မောတယ်ကွာ၊ ဒီတော့ ထွေးငယ်အစာအိမ်ထဲ ဟိုက်ဒရိုကလိုရစ်အက်စစ်တွေ တအားထွက်တာပဲ၊ ထွေးငယ် ဆာလာတာပေ့ါ”

“စားပါဗျာ၊ စားပါ”

ကျွန်မသည် ကော်ပြန့်စိမ်းပေါ်သို့ ငရုတ်ရည် ရွှဲရွှဲဆမ်းသည်။

“စမ်းမောင်မှန်က လူချောပဲ၊ ခေတ်ပုံစံကလေးပေ့ါ၊ မိတယ်”

ကျွန်မက စမ်းမောင်မှန်၏ ကေ ၊ အဝတ်အစား၊ ဖိနပ်၊ မျက်နှာအမူအရာ ဖွဲ့နွဲ့ပြောပြသည်။

“မှတ်ထားမှပဲ”

“ဘာလုပ်မလို့လဲ”

“ကိုယ်လဲ နက်ဖြန် ဆိုင်တင်မှာ ဆံပင်သွားဖွမယ်၊ သူ့လို တီရှပ်နဲ့ ဂျင်းနဲ့ ”

ကျွန်မ မလုတ်ပလောင်းနှင့် ရယ်မောမိတာမို့ လွင့်စဉ်မထွက်အောင် ပါးစပ်ကို လက်ကိုင်ပ ဝါနှင့် ဖိပိတ်ထားရလေသည်။

ကိုကိုလွင်က ခပ်တည်တည်ပင်။ သူ အတည်ပေါက် ပြောနေသလားပင် ကျွန်မ မသေချာ ချင်တော့။

လက်ဖက်ရည် တစ်ကျိုက်သောက်ကာ ကျွန်မ ခံတွင်း ရှင်းလိုက်ရသည်။

“ဆက်ပြောပါဦး”

“စမ်းမောင်မှန်က မွေးရာပါရုပ်ရည်ကလေး အားကိုးနဲ့ အတော် ဘဝင်မြင့်ပုံပဲ”

“ ဖြစ်သွားရပြန်ပြီ”

"တကယ်..တကယ်၊ အမြင်ကတ်ဖို့သိပ်ကောင်းတဲ့ ကောင်ကလေးပဲ"

"ချောပေမယ့် အမြင်ကတ်ဖို့ သိပ်ကောင်းတယ်ပေါ့"

"ဟုတ်တယ်"

ကိုကိုလွင်က စီးကရက်မီးခိုးတွေ ကို ခပ်ဝေးဝေးခပ်မြင့်မြင့်ဆီ ဝဲလွင့်သွားအောင် လေပြင်း ပြင်း မှု တ်ထုတ်ပြီးအလေးအနက်သဖွယ် ခေါင်းညိတ်သည်။

"ကိုယ် ဆံပင်သွားမဖွတော့ဘူး၊ တီရှပ်နဲ့ ဂျင်းဘောင်းဘီလဲ မဝတ်တော့ဘူး"

မပြုစဖူး သူ့လက်ဖျံကို အသာဆွဲဆိတ်ရင်း ကျွန်မ ရယ်မောမဆုံးနိုင်တော့။

"သူက အေးမကို ထွေးငယ်တို့က အတင်းအကျပ်တစ်နေရာပို့ထားတယ်လို့ ထင်နေတာ ကိုကိုလွင်ရဲ့ "

" ဖြစ်နိုင်ပါတယ်"

ကိုကိုလွင် အတည်ပြောလိုက်သလိုပါပဲ။

ကျွန်မက သူ့ကို မျက်မှော င်ကြုတ်ကာ စူးစမ်းသည်။

"တစ်နေ့ညနေက ညနေတောင် မကပါဘူး၊ ညခြောက်နာရီလောက် ရှိနေပြီ၊ ကိုယ်ပြန်လာ တော့ အေးမကို ခြံထဲက သရက်ပင်အောက်မှာ တွေ့တယ်၊ ခုံတန်းကလေးမှာ ထိုင်နေတာ၊ ခပ်ငိုင် ငိုင်ပဲ"

"ဘာလို့ ထွေးငယ်ကို မပြောတာလဲ"

"အခုပြောတယ်လေ"

"ကိုယ်က အိမ်ပြန်သွားတာ၊ ဘယ်လိုလုပ် ပြောမလဲ"

"ကြည့်....ကိုလွင် သက်သက်စကားကတ်တာပဲ၊ သင်တန်းမှာ ပြောရင် ရတာပေါ့"

“ထွေးငယ်က တစ်ပတ်မှာ သုံးရက်ပဲလာတာ၊ အရင်တစ်ခေါက်က ကိုယ်အလုပ်ရှုပ်နေတာ လေ၊ ပွဲစားတွေ လာလို့စာရင်းတွေ ထုတ်ပေးနေရတယ်၊ လုပ်နေကျချာတိတ် ခွင့်ယူသွားတော့ ကိုယ်ဝင်ပေးရတာ ပေါ့၊ များများ လဲ ရပါရဲ့ ၊ သိပ် ဦးနှောက်စားတယ်”

ကျွန်မက နှုတ်ခမ်းမဲ့တဲ့တဲ့ ရွဲ့တဲ့တဲ့နှင့် တစ်ပြန်တစ်စီး မယုံသင်္ကာဟန်ပြလိုက်သည်။

“ခုခေတ်ကြီးမှာ လူ တစ်ယောက် အလိုမတူဘဲနဲ့ အတင်း အဓမ္မချု ပ်နှောင်တားဆီးထားလို့ ရနိုင်မယ်တဲ့လား”

“ကဲ…ကိုယ်တို့ ဝင်္က်ပါ အစပျောက်သွားကြပြီ ထွေးငယ်”

လက်ဖက်ရည်ကို နောက်တစ်ကျိုက် သောက်လိုက်သည်။

သူ့လက်ဖက်ရည်ဖြင့် ဘယ်အချိန်ကများ ကုန် သွားပါလိမ့်၊ ရေနွေးကြမ်းထွက်ကိုပင် ရေ နွေးနှင့် ကျင်းနေပါပြီ။

“အေးမ ဘာကြောင့် အဲဒီ မှာ ရောင်နေသလဲဆိုတာ ကိုကိုလွင် တဖြည်းဖြည်းတော့ သိရ မှာ ပါ၊ တစ်ဆင့်စကားနဲ့ မသိစေဘူး၊ ကိုကိုလွင့်ဘာသာ ရိပ်မိလာမယ်၊ ဒါမှမဟုတ် ထွေးငယ်ပြော ချင်လဲပြောမယ်၊ ရင်ထဲမှာ မဆံ့တော့တဲ့အခါ ပြောမှာ ပေါ့”

“ကျေးဇူးတင်ပါတယ် ထွေးငယ်”

“ဘာကို ကျေးဇူးတင်တာလဲ”

“ရင်ထဲမှာ မဆံ့လွန်းလို့ထုတ်ပြောတယ်ဆိုတာ တွေ့ကရာလူကို ဘယ်ပြောပါ့မလဲ၊ နား လည်မယ်ထင်မှ စာနာတတ်မယ်ထင်မှ…”

“ဘာသာစကားချင်းတူမှ”

“ဟုတ်လိုက်လေကွာ၊ ဘာသာစကားချင်းတော့ တူမှပေါ့”

ကိုကိုလွင်က လက်ဖျောက်တစ်ချက် တီးကာ နှစ် ထောင်းအားရ အတည်ပြုသည်။

"ဒါဆိုရင် ကိုယ်နဲ့ထွေးငယ်ဟာ ဘာသာစကားတူတဲ့ လူနှစ် ယောက် ပေါ့နော်"

"ဟုတ်တယ်"

"အဲဒီ လို အသတ်မှတ်ခံရလို့ ကိုယ်က ကျေးဇူးတင်တယ် ဆိုရင်တော့ ထွေးငယ် ဘာပြော ဦးမလဲ"

ကျွန်မက ဖြည်းလေးစွာ ခေါင်းခါရင်းပြုံး နေမိပါသည်

စောစောကရေနွေးကြမ်းဆွတ်ပြီး ငြိမ်း သတ်ထားသော စီးရက်ကို အဖျားအသာဖဲ့ ထုတ်ပစ်သည်။

ကိုကိုလွင်က ဟာသတစ်ခုသဖွယ် တစိမ့်စိမ့်ခံစားကြည့်နေလေသည်။

"ကောင်ကလေးကို ထွေးငယ်က အဲဒီ လိုပြောလိုက်တယ် သူ့ကိုအဆက်အသွယ်မလုပ် တာ မဆက်သွယ်ချင်လို့ဘဲ မှတ်လိုက်ပါ လို့ အဲဒီ သဘော ပြောလိုက်တယ်"

"ပြီးတော့ကော"

"ထွေးငယ်ကောက်ချက်ချလို့ ရတာ က သူဟာအေးမနဲ့လက်ထပ်မယ်ဆိုတဲ့အထိ စဉ်းစား ထားတာ မဟုတ်ပါဘူး သူလိုလူ တစ်ယောက် ကို အေးမက စွဲလမ်းတွယ်တာနေရမယ်ဆိုတဲ အတွက် ကြီးကြီး ယုံကြည်ချက်သာရှိတာပါ"

"အေးမကကော"

"စမ်းမောင်မှန်ကို သူလဲယူဖို့အထိ စိတ်ကူးမရှိခဲ့တာ သေချာပါတယ်လေ"

ကျွန်မစိတ်ညစ်ညူး စွာ ညဉ်းထွားလိုက်မိရပါ၏ ။

"အေးမက စေ့စပ်ကြောင်းလမ်းပြီးသား မဟုတ်လား"

"ထွေးငယ်ပြောပြဖူးသလား"

"ဟင့်အင်း ကိုယ်သတင်းစာထဲမှာ တွေ့တယ်ထင်တယ်၊ ဒါမှမဟုတ် ဇော်နီတို့ နီနီကြိုင်တို့ ပြောချင် ပြောမှာ ပဲလေ၊ မမှတ်မိတော့ဘူး"

သူနှစ် ကျွန်မခင်မင်လာကြတာ နှစ် နှစ် ကျော်ခဲ့ပါပြီ။ ကျွန်မပင်လျှင် တတိယနှစ် ကျောင်းသူ ဖြစ်နေခဲ့ပြီး မဟုတ်လား သို့ တစေ တကယ်တမ်းဆန်းစစ်လိုက်တော့ သူ့အကြောင်းကို ဂဃနဏ ကျွန်မမသိသလို ကျွန်မအကြောင်းကိုလည်း သူအစုံအလင် မသိနိုင်ဘူး ထင်မှတ်ခဲမိသည်။

ယခုသူကကျွန်မ ထင်တာထက် ကျွန်မနှစ် ပတ်သက်သည်တို့ကို ပိုပြီးပြည့်ပြည့်စုံစုံသိထား နိုင်ပါကလား။

တနည်းအားဖြင့် ကျွန်မ ကျေနပ်မိလေသည်။ ကျွန်မ တစ်ယောက် တည်းကိုပဲ သူသိကျွမ်း နားလည်နေလို့ မ ဖြစ်သေး။ ကျွန်မ၏ ပတ်ဝန်းကျင်ကိုပါ သိကျွန်းနားလည်နေဖို့ လိုအပ်သေးတာပေါ့

"အေးမကိုယ်နှိုက်က သူ့ကို မဆက်သွယ်လိုတာ ဖြစ်တယ်လို့ ချာတိတ်လက်ခံသွားရဲလား"

"လက်မခံချင်တာ ဖြစ်ဖို့များ တယ်၊ သူလဲ လူလည်ကလေးပဲ၊ ထွေးငယ်ပြောတာကို မငြင်း နိုင်မှန် သိမှာ ပါ၊ လက်မခံချင်တာပြဿနာ"

"အင်း....လက်မခံချင်ရင်ပြဿနာပေါ့၊ မှန်ပါတယ်"

"သူလျှောက်စုံစမ်းနေမှာ စိုးရတယ်"

"အေးမကို စော်ဘွားကြီးကုန်း ပို့ထားတာ သိတဲ့လူများ သလား"

"ပို့ထားတာမဟုတ်ဘူးနော်၊ သူရောက်နေတာကိုထွေငယ်တို့က လိုက်ရှာထားရတာ ပါ၊ ကိုကိုလွင်ကိုယ်တိုင် ထွေးငယ်ပြောတာယုံပုံမရပါဘူး"

ကိုကိုလွင်အငိုက်မိကာ အားတုံ့အားနာ လက်ပြတောင်းပန်သည်။

"ဆောရီး....ထွေးငယ်၊ ကိုယ်အမိပ္ပာယ်ပြန်တာ နည်းနည်း လွဲသွားတာပါ"

"လွတ်စေရှင်....လွတ်စေ"

"သူကပြုံး နေသည်။"

သူနှင့် စကားပြောနေရလျှင် ကျွန်မ စိတ်နလုံး ငြိမ်းချမ်းသည်။

ကျွန်မ သူ့ကိုချစ်နေမိတာလား။

ဒါ ကတော့ ချစ်တာလား၊ ခင်တာလားဆိုတာကို လစ်တ်မတ်စက္ကူနှင့် ခွဲခြား စမ်းသပ်ရနိုင် ကောင်းတာမှ မဟုတ်တာ။

တစ်နေ့နေ့တော့ ကျွန်မ ခွဲခြားတတ်လာလိမ့်မည် ။

ရှင်းရှင်းလင်းလင်း ခွဲခြားသိနိုင်မည့် တစ်ချိန်ဟား ဆိုက်ရောက်လာလိမ့်ဦးမှာ ပါ။

"ထွေးငယ် ဘယ်ပြန်မလဲ"

"အိမ်ကိုပဲလေ"

"အေးမဆီ မသွားတော့ဘူးလား"

"ဟင့်အင်း...ဒီနေ့ထွေးငယ်နေရတာ မအီမသာနဲ့ သူလဲမမျှော်လင့်ပါဘူး၊ နက်ဖြန်မှ လာ မယ်လို့ ပြောထားတယ်"

ကိုကိုလွင်က ကျွန်မကို ကားဂိတ်သို့ လိုက်ပို့ပေးသည်။

"ကိုယ်ကို ကွန်ပျူတာ စင်တာက သင်္ကြန်တွင်း ; မဏ္ဍပ်ထိုးမယ်၊ ထွေးငယ် လာမယ်မဟုတ် လား"

"ဟာ...ထွေးငယ်ရေပက်ခံမထွက်ဖူးဘူး၊ အရမ်းကြောက်တယ်"

"ထွေးငယ်ကြောက်တတ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

"အင်းလေ...ကြောက်တာက သိပ်နောက်ပြောင်တာမျိုး ကို ထွေးငယ် သည်းမခံနိုင်ဘူး၊ စိတ်ဆိုးတယ်၊ စိတ်တိုတော့ရန် ဖြစ်ရမှာ ပေါ့၊ အဲဒါကိုကြောက်တာ"

"ဒါတော့ ဖြစ်နိုင်ပါတယ်"

"ဘာလို့ရေကစားကြမှာ လဲ"

"ကိုယ်တို့ကွန်ပျူတာစင်တာ လူသိများ အောင် ဟန်ရေး ပြတဲ့ ကြော်ငြာပေါ့ ထွေးငယ်ရဲ့ "

"ခလဲ နာမည် ထွက်နေသားပဲ"

"ဒီထက် အများ ကြီး ချဲ့ထွင်ဦးမှာ လေ၊ ကိုယ်တို့ဆီကထုတ်ပေးမယ့် ဆာတီဖကိတ်နဲ့ စင်ကားပူတွင် မက ကမ္ဘာအရပ်ရပ်က အလုပ်လျှောက်နိုင်တဲ့အထိ ခိုင်မာအောင် လုပ်ဦးမှာ ကိုယ် တို့ဘော့စ်က အကြံကြီးတယ်"

ကိုကိုလွင့်ထံမှ သည်စကားကြားရတာ ကို ကျွန်မ အံ့သြစရာမရှိပါ။

အသစ်အဆန်းတစ်ခု ကြားရတာ မို့ မှတ်သားသိမ်းဆည်းလိုက်ရတာ ပဲရှိသည်။

အစ်ကိုလွင်ဟု ခေါ်ဆိုသင့်သော ယခုဆရာလွင်လဲ ဖြစ်နေပြန်သော သင့်လျော်နာပျော် အောင် ကိုလွင်ဟ မသိမသာကျွန်မပြောင်းခေါ်စပြုသော သူ့ကို မခွဲခွာမီ ကျွန်မက ရွှန်းရွှန်းစားစား တစ်ဝကြည့်မိသည်။

"နေ့ထိုင်းတော့မလားနိုင်ဘူးပေါ့၊ အဖေပို့ပေတဲ့ တစ်ရက်လာမယ်လေ"

"ကိုယ်တို့အကျနေ့မှာ စတုဒီသာကျွေးမယ်၊မုန့်လုံးရေပေါ်ကျွေးမယ်၊ အဲဒီ နေ့လာ"

"ကြိုး စားမယ်လေ"

"ကြိုး စားရင် ရေကစားလာနိုင်မှာ သေချာတယ်"

ပြုံး ရယ်ရင်း ထိုးဆိုက်လာသော လေးဆယ့်ငါးပေါ်သို့ ကျွန်မတွေ့ခနဲ

ခုန်တက်လိုက်ပါသည်။

ကားပေါ်လည်ရောက် ကားလည်းထွက်။

သူ့နောက်ကြောင်းပြန်လျှောက်သွားနေမှာ ကိုပင် မမျှော်ကြည့်သာ၊ မမြင်သာအောင် ကား ပေါ်မှခရီးသွားတွေ ကျပ်ပိတ်နေလေ၏ ။

■